# ရတနာပုံ

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (23-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၉၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Maxim RESHETNIKOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Maxim RESHETNIKOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Maxim RESHETNIKOV ဦးဆောင်သည့် အဖွဲ့ဝင်များက ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား ကောင်းမွန်သည့် ဆက်ဆံရေးနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့



ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

လူသားတိုင်းအသက်ရှည်ရပ်တည်မှုအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့သည် အဓိကအရေးကြီးသည့်အရာများဖြစ်သည်။ ယင်းသုံးခုအတွင်းတွင် စားသောက်ရေးသည် အခြေခံကျပြီး နေ့စဉ်ကြုံတွေ့နေရမည့် မရှိမဖြစ်သည့်အရာဖြစ်သည်။ အဆိုပါစားရေးကို အဆင်ပြေစေရန်အတွက် လိုအပ်သည့် စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့် ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီတင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးအခြေခံသည့်နိုင်ငံဖြစ်သည်။ စားသောက်ကုန်များထုတ်လုပ်ရာတွင် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ကြမ်းများသည် အဓိကဖြစ်သည်။ စားသောက်ကုန်လုပ်ငန်းအတွက် အဓိကကျပြီး သေချာသည့်ကုန်ကြမ်းသည် နိုင်ငံအတွင်းတွင် အလုံအလောက်ထွက်ရှိသည်။ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် စုစုပေါင်း ၂၃၈၈၇ ခုဖြစ်ပြီး ၄၉ ဒသမ ၆၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်။

စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့်စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်း ကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေပြီး သွင်းကုန်အစားထိုးထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များ ဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်လုပ်ငန်းများ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့် နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်က မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ ကို ဖေဖော်ဝါရီ ၁၉ ရက်နှင့်ဖေဖော်ဝါရီ ၂၀ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ မှ ပြည်တွင်း စားသောက်ကုန်လုပ်ငန်းများနှင့်ပတ်သက်ပြီး အားနည်းချက်များ၊ အားသာချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မြင်တွေ့ကြားသိဖလှယ်နိုင်ကြမည်ဖြစ်သည်။ လုပ်ငန်းဆောင်တာများကို လုပ်သာကိုင်သာရှိပြီး မြန်ဆန်မှန်ကန်အောင် ဝိုင်းဝန်းကြိုးပမ်းပေးမှသာ အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်မြှင့်တင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသော ကုန်ကြမ်းများကိုအခြေခံ၍ စားသောက်ကုန်များထုတ်လုပ်ရာတွင် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်စွာ ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီတင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပြည်တွင်းမြန်မာ့စားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကိုရှေးရှုပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ရတနာပုံတက္ကသိုလ် ၂၅နှစ်မြောက် ငွေရတုအထိမ်းအမှတ်အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး



**မန္တလေး ဖေဖော်ဝါရီ ၂၂**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင်ကျရောက်သည့် ရတနာပုံတက္ကသိုလ်၏ ၂၅ နှစ်မြောက် ငွေရတု အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ်တွင်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပင်မဆောင်ရှေ့တွင် အထူးပြုဘာသာရပ် ၂၈ ခုမှ ကျောင်းသား၊ ကျောင်းသူများက ပညာစုံရတနာပုံသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ ရတနာပုံတက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုအထိမ်းအမှတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပင်မဆောင် မြေညီထပ်တွင် ပညာအလင်းတိုင် ၂၅ တိုင်ကို စက်ခလုတ်နှိပ်ထွန်းလင်းပေးကာ ဘာသာရပ် ၂၈ ခု၏ ဘာရပ်ပြခန်းများအလိုက် သင်ကြားရေး အထောက်အကူပြုစာအုပ်စာစောင်များနှင့် သင်ထောက်ကူပြုပစ္စည်းများပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည်မျိုးဆက်သစ် လူငယ်များ၏ ပညာတတ်မြောက်မှုများပေါ်တွင် များစွာမူတည်နေကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားရေး၊ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေကြောင်း၊ ယခု ငွေရတုအထိမ်းအမှတ်တွင် သုတေသနစာတမ်းပေါင်း ၄၈ စောင်ကိုလည်း စာတမ်းရှင်များက ဖတ်ကြားသွားမည်ဟုသိရှိရကြောင်း၊ အသွင်သဏ္ဌာန် တိုးတက်လာသကဲ့သို့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သော၊ စည်းကမ်းစနစ်ရှိသော၊ ဗလငါးတန်ဖွံ့ဖြိုးသော ပညာတတ် လူတော်လူကောင်းများ မွေးထုတ်ပေးနိုင်ရေး အားလုံးဝိုင်းဝန်း ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် ငွေရတု အထိမ်းအမှတ်အတွက် ဂုဏ်ပြုငွေကို ချီးမြှင့်ခဲ့သည်။

ထို့နောက်ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပါမောက္ခချုပ်တို့က နိုင်ငံတော်အဆင့်နှင့် အခြားအဆင့်စာပေ၊ ဂီတ၊ အနုပညာ၊ အားကစားပြိုင်ပွဲများမှ ဆုရရှိသူများ၊ တက္ကသိုလ်တွင်း သန့်ရှင်းသာယာလှပဆုရရှိသည့် ဘာသာရပ်ဌာနများကို ဆုတံဆိပ်များနှင့် ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ဦးရေ ၆၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ခန္တီးမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံ ဧက ၁၂၆၀ စိုက်ပျိုးပြီးစီး

**ခန္တီး ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၁၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၇၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခန္တီးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၃၇၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ရုံးပတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး တောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်သီးနှံကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရွှေသွယ်ရင်စပါး အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရွှေသွယ်ရင်စပါး အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းမြတ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ရွှေသွယ်ရင်စပါး တင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ရွှေသွယ်ရင်စပါး တင်းရေ ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်း ရွှေသွယ်ရင်စပါး တင်းရေများများ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုအများဆုံးတင်ပို့ ရောင်းချနေပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းခဲ့တာဖြစ်ပါတယ်။ ရွှေသွယ်ရင်စပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ဇန်နဝါရီလ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းမြတ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရွှေသွယ်ရင်စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရေး၊ ကျေးလက်နှင့်မြို့ပြ ကွာဟမှုကို လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မကျီးပင်ပုကျေးရွာအုပ်စု ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကူတို(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကူတို(မ)ကျေးရွာ၌ ယခု စတုတ္ထနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်ကြသည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ သီတာအေး အကွက် (၈၀၂)နေ ဦးအောင်မောင်းမွေးနေ့အထိမ်းအမှတ်အဖြစ် A.K မိသားစုက ဆွမ်းအလှူငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ကလေးမြို့နယ်တွင် ပဲစင်းငုံရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၇ ဒသမ ၆၈ တင်းထွက်ရှိ



**ကလေး ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ပဲစင်းငုံ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၆၈ တင်း ထွက်ရှိကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၀၉၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၀၉၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၆၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ကလေးမြို့နယ်မှာ ပဲစင်းငုံ ၁၀၉၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်း ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**သဲကုန်း ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီးနတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျားပင်ကျေးရွာနှင့် သမင်ကုန်းကျေးရွာတို့၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၁ ရက်ကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ကျားပင်ကျေးရွာနှင့် သမင်ကုန်းကျေးရွာတို့၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျားပင်ကျေးရွာနှင့် သမင်ကုန်းကျေးရွာတို့၌ လမ်းအရှည်ပေ ၆၃၀၊ တစ်ဖက်လျှင် အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၁ ဒသမ ၄ သန်းဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျားပင်ကျေးရွာနှင့် သမင်ကုန်းကျေးရွာတို့၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနှစ်ရွာမှ ထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူ တင်ပို့နိုင်မည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# ပန်းတနော်မြို့နယ်မှထွက်ရှိသည့် ဒေသထွက် ပီလောပီနံ့ဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံ့ဥများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်ကစတင်ပြီး ယနေ့ထိ ဒေသထွက်ပီလောပီနံ့ဥများ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံ့ဥများ ပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံ့ဥတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

"ပီလောပီနံ့ဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ တောင်သူတွေ စိုက်ထားတဲ့ ပီလောပီနံ့ဥတွေစတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို ပီလောပီနံ့ဥတွေပေါ်နေတဲ့အချိန်ဖြစ်ပြီး အရောင်းအဝယ် ကောင်းမွန်လာတာကြောင့် ပန်းတနော်မြို့နယ်က ပီလောပီနံ့ဥစိုက်တဲ့ တောင်သူတွေအပြင် လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာပါတယ်။ ပီလောပီနံ့ဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာဖြစ်ပါတယ်"ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းသူက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ပီလောပီနံ့ဥ အပါအဝင်အခြားရာ သီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါပန်းတနော်မြို့နယ်တွင် တောင်သူတစ်ဦးလျှင် ပီလောပီနံ့ဥ တစ်ဧကမှငါးဧကထိစိုက်ပျိုးကြပြီး ပီလောပီနံ့ဥတစ်ဧကလျှင် လက်ရှိကာလ အထွေထွေစိုက်ပျိုးစရိတ် ကုန်ကျငွေကျပ် ၃၇၀၀၀၀ ထိရှိပြီး အကျိုးအမြတ်အနေဖြင့် အပျက်အစီး အလေအလွင့်မရှိပါက တစ်ဧကလျှင် ငွေကျပ် ၉၀၀၀၀၀ ကျော်ထိ ရရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဝယ်သူကြိုက်အောင်လုပ်ရင်း ထပ်မံဝယ်အောင်လုပ်ပါ

အေးချမ်းဆု

ဆောင်းပါးတစ်ပုဒ်တွင် အရောင်းအဝယ်သမားတိုင်းသည် ကိုယ်ရောင်းမည့်ပစ္စည်းနှင့်ပတ်သက်လျှင် သိအောင်လုပ်ပါ၊ ယုံအောင်လုပ်ပါ၊ ကြိုက်အောင်လုပ်ပါ၊ ဝယ်အောင်လုပ်ပါနှင့် ထပ်ဝယ်အောင်လုပ်ပါဟူသော အချက်ငါးချက်ကို တင်ပြခဲ့ဖူးသည်။ ၎င်းတို့အနက် ကြိုက်အောင်လုပ်ပါနှင့် ထပ်ဝယ်အောင်လုပ်ပါဟူသောအချက်နှစ်ချက်သည် အခက်ဆုံးဖြစ်သည်။ ထို့ကြောင့် ရောင်းသူများသည် ရောင်းချသောပစ္စည်းကို ဝယ်သူကြိုက်အောင် လုပ်နိုင်ရန်လိုအပ်သကဲ့သို့ ဝယ်သူက အစဉ်အမြဲကြိုက်နှစ်သက်ပြီး ထပ်၍ထပ်၍ဝယ်ချင်နေအောင် ကြိုးစားလုပ်ဆောင်သွားကြရန် အရေးကြီးသည်။

**ဝယ်ယူသူကြိုက်နှစ်သက်ပါစေ**

မည်သည့်ပစ္စည်းကိုရောင်းသည်ဖြစ်စေ Customer Satisfaction ခေါ်ဝယ်ယူသူများ ကြိုက်နှစ်သက်ရေးသည် အရေးအကြီးဆုံးဖြစ်သည်ဟုဆိုချင်သည်။ ဝယ်ယူသူမှသည် ဖောက်သည်ကောင်း၊ ဖောက်သည်ကောင်းမှသည် သစ္စာရှိဖောက်သည် စသည်ဖြင့် တစ်ဆင့်ချင်းတိုးအောင်ဆောင်ရွက်ခြင်းဖြင့် မိမိကုန်ပစ္စည်းအတွက် ရာသက်ပန်ဖောက်သည်များကို ရရှိလာစေသည်။ ထိုသို့သော ဖောက်သည်များသည် နောက်ထပ်ဖောက်သည်များ တိုးပွားလာစေရန် ဝယ်ယူသူအချင်းချင်းကပင် ဆောင်ရွက်ပေးသည်။ ထိုအချက်ကိုအားပြု၍ အချို့သောကုန်ပစ္စည်းရောင်းချသူများသည် မိမိတို့ရောင်းချသော ကုန်ပစ္စည်းများကိုကြော်ငြာပြီးရောင်းချခြင်းထက် လူ့သတင်းလူချင်းဆောင်ပြီး ဖောက်သည်တိုးပွားရေးကို ဆောင်ရွက်တတ်ကြသည်။ ဝယ်ယူသူများသည် သူတို့၏မျှော်လင့်ထားသည့်အချက်နှင့်ကိုက်ညီလျှင် ကြိုက်နှစ်သက်ကြစမြဲဖြစ်သည်။ သို့သော် တစ်ခါတစ်ရံတွင် ဝယ်ယူသူများသည် မိမိတို့ကြိုက်နှစ်သက်သည်ကိုပင် မရွေးချယ်တတ်ကြသဖြင့် အခြားသူများ ကြိုက်နှစ်သက်သည်များကိုသာ လိုက်လံစဉ်းစားပြီး နှစ်သက်သည်ဟု ထင်မြင်တတ်ကြသည်။

ထို့ကြောင့် ရောင်းချမည့်သူဘက်က ဝယ်ယူသူအတွက် လျင်မြန်စွာဆောင်ရွက်ပေးနိုင်မှု၊ သက်သောင့်သက်သာဖြစ်အောင် ဆောင်ရွက်ပေးနိုင်မှု၊ ဝယ်သူတစ်ဦးချင်းကို ကျေနပ်နှစ်သက်အောင် ဆောင်ရွက်ပေးနိုင်မှုနှင့် စေတနာထားဆောင်ရွက်ပေးမှုများကို ပြုလုပ်ခြင်းဖြင့် ဝယ်သူ၏ကြိုက်နှစ်သက်မှုကိုရရှိနိုင်သည်။ သို့သော်လည်း ရောင်းချသူများသည် ဝယ်ယူသူဈေးကွက်ဖြစ်နေချိန်တွင် ထိုအချက်များကို လိုက်နာတတ်ကြသော်လည်း ရောင်းသူဈေးကွက်ဖြစ်သည်နှင့်တစ်ပြိုင်နက် ဖောက်သည်နှင့် ဝယ်ယူသူများကို လျစ်လျူရှုတတ်ကြသည်။ ထိုကဲ့သို့မဖြစ်သင့်ပါ။ ဈေးကွက်နှင့်ဈေးရောင်းသူတို့သည် မည်သည့်အခြေအနေမျိုးတွင်မဆို ဝယ်ယူသူကိုအလေးထားရန်တာဝန်ရှိသည်။ ဖောက်သည်ဗဟိုပြုသည့် လုပ်ငန်းမျိုးဖြစ်အောင် ဖန်တီးပေးခြင်း၊ ဖောက်သည်ဆန္ဒရှိနိုင်သည့်အချက်များကို လေ့လာပြီး အနီးဆုံးဖြစ်အောင်ကြိုးစားပေးခြင်း၊ ကိုယ်ချင်းစာတရား၊ စာနာမှုများဖြင့် အစဉ်အမြဲရောင်းချခြင်း၊ ရောင်းချသည့်ပစ္စည်းနှင့်ပတ်သက်ပြီး ဝယ်ယူသူ၏ အမြင်နှင့်အကြံဉာဏ်ကို အမြဲတောင်းခံခြင်း၊ ဝယ်ယူသူ၏အမြင်နှင့် အကြံပေးချက်များအတိုင်း လိုက်ပါဆောင်ရွက်ပေးခြင်း၊ ဖောက်သည်များ၊ ဝယ်ယူသူများ၏တုံ့ပြန်မှုနှင့် ဖောက်သည်အမြင်များကို သေချာစွာပြန်လည်ဖြေရှင်းပေးခြင်း၊ မည်သည့်ကိစ္စကိုဖြစ်စေ လျင်မြန်စွာတုံ့ပြန်ဖြေရှင်းပေးခြင်း၊ ဝယ်သူပြောသမျှကို ကောင်းစွာနားထောင်သည့် အလေ့အထကို မွေးမြူခြင်း၊ မတော်တဆမှားယွင်းမှုများ၊ အဆင်မပြေမှုများဖြစ်လျှင် ရိုးသားစွာရှင်းပြခြင်း၊ တုံ့ပြန်ခြင်း၊ တောင်းပန်ခြင်းများ ဆောင်ရွက်ခြင်း၊ အခြားလုပ်ငန်းတူပြိုင်ဘက်များက မည်သို့ဆောင်ရွက်နေသည်ကို လေ့လာသုံးသပ်မှုပြုလုပ်ခြင်း၊ ဖောက်သည်များအကျိုးအတွက် မည်သို့ဆောင်ရွက်လျက်ရှိသည်ကို ကောင်းစွာသိရှိနားလည်နေစေရန်ရှင်းပြခြင်း၊ ဝယ်သူများအစဉ်ကျေနပ်မှုရှိစေရန် ကြိုးစားလျက်ရှိကြောင်းနှင့် နောင်ဆက်လက်ပြုလုပ်မည့်အစီအစဉ်များကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းပြောကြားခြင်း၊ သေချာစွာရှင်းပြခြင်းများ ပြုလုပ်ပေးသင့်သည်။ တစ်ခါတစ်ရံ ဝယ်ယူသူများသည် မက်လုံးများ၊ ပရိုမိုးရှင်းများနှင့် ဆွဲဆောင်မှုများကိုသာကြည့်ပြီး မူလဝယ်ယူသည့်ပစ္စည်း၏ အရည်အသွေး၊ အလေးချိန်မှန်ကန်မှု စသည်တို့ကို သတိမမူဖြစ်တတ်သည်။

မည်သည့်နည်းလမ်းများကို သုံးစွဲသည်ဖြစ်စေ၊ ရောင်းသူသည် ရိုးသားမှုရှိရမည်၊ ဝယ်ယူသူတိုင်းအပေါ် သစ္စာရှိရမည်ဆိုသည့်အချက်ကိုအခြေခံထားပြီး ဆောင်ရွက်သွားခြင်းဖြင့် မိမိရောင်းကုန်ကိုဝယ်သူများ ကြိုက်နှစ်သက်အောင်ဆောင်ရွက်သွားရန် လိုအပ်သည်။ တစ်နည်းပြောရလျှင် ရေရှည်ရပ်တည်ပြီး ကြီးပွားတိုးတက်အောင် လုပ်ကိုင်လိုသူတိုင်းသည် မှန်ကန်တိကျခြင်း၊ ဖောက်သည်နှင့် ဝယ်ယူသူတိုင်းကို သစ္စာရှိခြင်း၊ မိမိလုပ်ငန်းနှင့် မိမိဝန်ထမ်းများ၊ လုပ်သားများ၊ မိမိပစ္စည်းများ အားလုံးအပေါ် ရိုးသားဖြောင့်မတ်သစ္စာရှိရန်လိုအပ်သည်။ ရောင်းချမှုတိုင်းတွင် ငွေကြေးအမြတ်သည် သင့်တင့်မျှတသည်ထက် ပိုမိုမလိုချင်ရန်၊ လောဘသတ်နိုင်ရန်လိုအပ်သည်။ မိမိထံမှ တစ်ဆင့်ပြန်လည်ရယူသူများအတွက်ကိုလည်းကောင်း၊ စားသုံးသူများကိုလည်းကောင်း ကိုယ်ချင်းစာစိတ်ဖြင့် အမြတ်ကြီးစားမှုမျိုးကို သတိပြုရှောင်ကြဉ်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ ထိုသို့ ကိုယ်ချင်းစာစိတ်ဖြင့် ဆောင်ရွက်ပေးတတ်သော ရောင်းချသူများသည် ရေရှည်တွင် အကျိုးရှိလာမည်ဖြစ်သည်။

**ထပ်ဝယ်အောင်လုပ်ပါ**

ရောင်းကုန်ကို ဝယ်ယူသူကြိုက်နှစ်သက်ပြီဆိုပါက ဝယ်ယူသည့်အဆင့်သို့ရောက်ပြီဟုဆိုနိုင်သည်။ ထိုဝယ်ယူသူသည် ရောင်းချသူ၏ဆက်ဆံရေးပြေပြစ်ကောင်းမွန်မှု၊ ဈေးနှုန်းမှန်ကန်မှု၊ အရည်အသွေးမှန်ကန်မှု၊ အလေးချိန်မှန်ကန်မှုနှင့် အရောင်းအဝယ်မှန်ကန်သစ္စာရှိမှု၊ ရိုးသားဖြောင့်မတ်မှုများကိုကြည့်ပြီး နောက်တစ်ကြိမ် ဤဆိုင်တွင် ဝယ်ရန်သင့်၊ မသင့်ကို စဉ်းစားတတ်ကြသည်။ အထက်ပါ အရည်အသွေးများနှင့် ပြည့်စုံသည့်ရောင်းချသူထံ နောက်တစ်ကြိမ်ပြန်လာမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ ရောင်းချသူ၏ကောင်းသတင်းကို ဆောင်ကြဉ်းပေးမည်ဖြစ်သည်။ သူကိုယ်တိုင်လည်း ဝယ်ယူသည့်အကြိမ်တိုင်းတွင် အထက်ပါရောင်းသူ၏ အရည်အချင်းများ ပြည့်စုံသည်နှင့်အမျှ နောက်ထပ်တစ်ဖန် လာရောက်ဝယ်ယူနေမည်ဖြစ်သည်။ ထို့ကြောင့် ဖောက်သည်များဖြစ်လာမည်ဖြစ်သည်။ ထိုသာမန်ဖောက်သည်ဝယ်ယူသူများက မိမိတို့ဆိုင်အပေါ် သစ္စာရှိသော၊ မိမိတို့ရောင်းကုန်မှန်ကန်နေသည်နှင့်အမျှ သစ္စာရှိသော ဝယ်ယူသူ သစ္စာရှိဖောက်သည်များဖြစ်လာကြမည်ဖြစ်သည်။ ထို့ကြောင့် မိမိ၏ကုန်ပစ္စည်းအရည်အသွေးကို စွဲလမ်းနှစ်သက်သည်ထိ ကြိုက်နှစ်သက်ပြီး စဉ်ဆက်မပြတ် ဝယ်ယူသုံးစွဲနေရန်လိုအပ်သည်။ မည်သည့်အခြေအနေမျိုးတွင်မဆို ရအောင်ဝယ်ယူသုံးစွဲတတ်သည့် သစ္စာရှိဖောက်သည်များ (Loyal Customer)၊ အများအပြားရှိလာအောင်ဆောင်ရွက်နိုင်လျှင် မိမိလုပ်ငန်းလည်း အောင်မြင်တိုးတက်လာမည်သာဖြစ်သည်။

အထူးသဖြင့် ရောင်းချသူ၏ လှိုက်လှိုက်လှဲလှဲဆက်ဆံမှု၊ ယဉ်ကျေးပျူငှာမှုများသည် များစွာအရေးပါသည်။ ရောင်းချမှုပမာဏမြင့်တက်လာခြင်းသည် ရောင်းသူများဘက်က ကျွမ်းကျင်စွာဆက်ဆံမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် တိုက်ရိုက်အချိုးကျသည်ဟုပင်ဆိုနိုင်သည်။ ပြိုင်ဘက်များထက် အရည်အသွေးနှင့် ဈေးနှုန်းတို့တွင်မသာလျှင် ဝယ်ယူသူက ထပ်မံလာရောက်ရန် ခဲယဉ်းမည်ဖြစ်သည်။ ထို့ကြောင့် ရောင်းချတတ်ရန် များစွာကြိုးစားဆောင်ရွက်ရန်လိုအပ်ပြီး ထပ်မံဝယ်အောင် လုပ်နိုင်ရန်မှာ ရောင်းသူ၏ စေတနာ၊ သစ္စာရှိမှု၊ ရိုးသားကြိုးစားမှု၊ ဈေးနှုန်းနှင့် အလေးချိန်မှန်ကန်မှု၊ ဆက်ဆံရေးကောင်းမွန်မှု၊ နေရာအနေအထားအကွက်အကွင်းကျနမှု၊ သက်သောင့်သက်သာဖြစ်မှု၊ ရောင်းချပြီးနောက်ပိုင်းတွင်လည်း ဝန်ဆောင်မှုပေးခြင်း စသည့်အချက်ပေါင်းများစွာနှင့်သက်ဆိုင်လျက်ရှိသည်။

**❖ကြိုက်နှစ်သက်အောင်ဆောင်ရွက်ခြင်းနှင့် ထပ်မံလာရောက်ဝယ်ယူအောင် ဆောင်ရွက်နိုင်ခြင်းတို့သည် ရောင်းချသူ၏ကျွမ်းကျင်လိမ္မာမှုကြောင့်သာမက ရောင်းသူ၏တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်လည်း သက်ဆိုင်သည်။ တာဝန်ယူသည်မှာ မိမိရောင်းချသော ကုန်ပစ္စည်း၏အရည်အသွေး၊ အလေးချိန်၊ ဈေးနှုန်းနှင့်အရောင်းအဝယ်မှန်ကန်မှုများအားလုံးကို တာဝန်ယူရမည်ဖြစ်သည်။ ရောင်းချရန်စဉ်းစားချိန်မှစတင်ပြီး လက်တွေ့ရောင်းချပေးသည်ထိ လုပ်ငန်းစဉ်တိုင်းတွင် တာဝန်ယူရန်ဖြစ်သည်။ တာဝန်ခံသည်ဆိုရာတွင် မိမိ၏ရောင်းချမှုလုပ်ငန်းစဉ်ကို တာဝန်ယူရသည့်အပြင် မှန်ကန်ကောင်းမွန်သည့် အဖြေမျိုးထွက်အောင်ဆောင်ရွက်နိုင်သည်ကသာ တာဝန်ခံခြင်းဟုဆိုနိုင်သည်။ ❖**

**တာဝန်ယူပါ၊ တာဝန်ခံပါ**

ကြိုက်နှစ်သက်အောင် ဆောင်ရွက်ခြင်းနှင့် ထပ်မံလာရောက်ဝယ်ယူအောင် ဆောင်ရွက်နိုင်ခြင်းတို့သည် ရောင်းချသူ၏ ကျွမ်းကျင်လိမ္မာမှုကြောင့်သာမက ရောင်းသူ၏တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်လည်း သက်ဆိုင်သည်။ တာဝန်ယူသည်မှာ မိမိရောင်းချသောကုန်ပစ္စည်း၏ အရည်အသွေး၊ အလေးချိန်၊ ဈေးနှုန်းနှင့် အရောင်းအဝယ်မှန်ကန်မှုများအားလုံးကို တာဝန်ယူရမည်ဖြစ်သည်။ ရောင်းချရန် စဉ်းစားချိန်မှစတင်ပြီး လက်တွေ့ရောင်းချပေးသည်ထိ လုပ်ငန်းစဉ်တိုင်းတွင် တာဝန်ယူရန်ဖြစ်သည်။ တာဝန်ခံသည်ဆိုရာတွင် မိမိ၏ရောင်းချမှုလုပ်ငန်းစဉ်ကို တာဝန်ယူရသည့်အပြင် မှန်ကန်ကောင်းမွန်သည့် အဖြေမျိုးထွက်အောင် ဆောင်ရွက်နိုင်သည်ကသာ တာဝန်ခံခြင်းဟုဆိုနိုင်သည်။ စာရေးသူတို့သည် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင်သာမက မည်သည့်နေရာတွင်မဆို သုံးစွဲနိုင်သည့်အချက်များမှာ ကောင်းသောအပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်၊ ကောင်းသည်မြင်ရှု၊ ကောင်းမှုကိုကြံစည် ဟူသောအချက်ရှစ်ချက်ဖြစ်သည်။ ထိုအချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်းဖြင့် မိမိလုပ်ငန်း အပေါ်နှင့် မိမိဖောက်သည်များအပေါ် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ဤအချက်များသည် လုပ်ငန်း၏တန်ဖိုးများပင်ဖြစ်သဖြင့် လိုက်နာဆောင်ရွက်ခြင်းဖြင့် ကြိုက်အောင်လုပ်နိုင်လာမည်၊ ဝယ်ယူလာစေမည်၊ ထပ်မံဝယ်ယူလာမည်ဖြစ်ပြီး သစ္စာရှိဖောက်သည်များ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ စားသောက်ကုန်တစ်ခုကို ထုတ်လုပ်ရောင်းချသူတစ်ဦးသည် ကုန်ကြမ်းကို ဈေးသက်သက်သာသာနှင့် အရည်အသွေးညံ့သည်များကိုသာအသုံးပြုပြီး ငွေကြေးအမြတ်များပြားအောင်လုပ်ကိုင်ရင်း ချမ်းသာကြွယ်ဝလာသည်။ ထိုလုပ်ငန်းရှင်သည် တစ်ဖက်ကလည်း အလှူအတန်းရက်ရောသူတစ်ဦးဖြစ်နေသည်ကို တွေ့ရသည်။ ထိုသူကိုကြည့်၍ ဖောက်သည်များ၊ စားသုံးသူများအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုရှိပါသလား။ ဖောက်သည်များအပေါ် ရိုးသားဖြောင့်မတ်ပါရဲ့လား။ ကောင်းသော အသက်မွေးဝမ်းကျောင်းခြင်းဟု ခေါ်ဝေါ်နိုင်ပါရဲ့လားဟု စဉ်းစားစရာဖြစ်သည်။ လှူဒါန်းခြင်းများအတွက် ကုသိုလ်ကောင်းမှုများ ရရှိမည်ဖြစ်သော်လည်း အရည်အသွေးညံ့ဖျင်းသည်ကို အကောင်းဟုထင်အောင် ဖန်တီးထုတ်လုပ်ပြီး ရောင်းချသောပစ္စည်းကို ဝယ်ယူစားသုံးကြသူများအပေါ် သစ္စာရှိပါရဲ့လားဟု တွေးမိသည်။

ထို့ကြောင့် စာရေးသူတို့သည် မိမိရောင်းကုန်များကို ကြိုက်အောင်လုပ်ရမည်၊ ဝယ်အောင်လုပ်ရမည်၊ ထပ်မံဝယ်အောင်လုပ်ရမည်။ သို့သော် အမြတ်ရလျှင်ပြီးပြီဟု သဘောမထားဘဲ မိမိလုပ်ငန်းနှင့် ဖောက်သည်များအပေါ် သစ္စာရှိရန်၊ ရိုးသားဖြောင့်မတ်စွာဆက်ဆံရန် အရေးကြီးသည်။ မိမိလုပ်ငန်းနှင့် ဖောက်သည်များအပေါ် တာဝန်ယူရန်၊ တာဝန်ခံရန်လည်း လိုအပ်သည်။ ထိုအချက်များသည် လုပ်ငန်း၏တန်ဖိုးဖြစ်သည်ကို လေးလေးနက်နက်ဆင်ခြင်ပြီး ဆောင်ရွက်ခြင်းဖြင့် ရေရှည်တိုးတက်အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျွန်းလှမြို့နယ်တွင် စပါး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၇၃ ဒသမ ၄၈ တင်း ထွက်ရှိ



**ကျွန်းလှ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် စပါး ၃၄၁၉၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၃ ဒသမ ၄၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ စပါး ၃၄၁၉၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မိုးစပါးစိုက်ခင်းတွေ လက်ရှိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးပါတယ်။ တောင်သူတွေ အနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါတင်ပို့နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ယခုထက်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးဖယ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးဖယ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးဖယ်များကို စနစ်တကျစစ်ဆေးပြီး ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးဖယ်ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးဖယ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီလ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့ရောင်းချမှု အားကောင်းခဲ့တာပါ။ ဇန်နဝါရီလအတွင်း ငါးဖယ်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဖေဖော်ဝါရီလထဲမှာလဲ ငါးဖယ်တွေ မှာယူမှုအားကောင်းနေပါတယ်။ အခုလိုငါးတွေ ကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းနေတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့်ဒေသထွက် ငါးဖယ်တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

## လမ်းမှန်ကို လျှောက်လှမ်းကြပါ

\- လူငယ်တွေ ခရီးလမ်း
မငြီးစတမ်း လျှောက်စဉ်ခါ၊
အကောင်းဆိုးတွေ တွေ့ရအမြဲမို့
ဝေခွဲလေ့လာ၊
လမ်းအမှန်က ဖြောင့်ဖြူးစွာ
လမ်းမှားဟာ ကွေ့ကောက်မြဲ၊
အသိဉာဏ် နှလုံးသားနှင့်
ဆုံးဖြတ်ဝေခွဲ။


\- အခက်ခဲတွေ တွေ့ရအမြဲ
ရှေ့ကပဲ ဦးတည်ကြို၊
လမ်းမှားဆို ပင်လယ်ဝဲ
ငရဲတွင်းလို၊
စဉ်းစားကြ မောင်တို့ဆို
ယောင်လို့ကို မသွားနှင့်၊
စိတ်မှာကွယ် မတွေးဆဘဲ
ဝေးရှောင်မှသင့်။

\- ဘဝအခြေ လူမျိုးတင့်ဖို့
အကျင့်စာရိတ္တ ကောင်းမွန်စေ၊
တိုင်းပြည်ကို ချစ်စိတ်များ
မွေးဖွားကြလေ၊
လမ်းအမှန်က တိုးတက်ပေ
မျိုးဆက်တွေ ချင့်ချိန်တွေး၊
လမ်းမှားကိုဖယ် လျှောက်လှမ်းကြလို့
မှန်းဆနောင်ရေး။ ။

ပန်းမာလာ

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ဒမတ်စကတ်မြို့၌ ဆီးရီးယားသမ္မတသစ်နှင့် တရုတ်သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၂**

ဆီးရီးယားသမ္မတသစ်အာမက် အယ်လ်ရှာရာသည် ဆီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ရှီဟောင်ဝေနှင့် ဒမတ်စကတ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆီးရီးယားမီဒီယာများက ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါဆွေးနွေးပွဲသည် ဆီးရီးယားသမ္မတဟောင်း အာဆတ် ပြုတ်ကျခဲ့ပြီးနောက်ပိုင်း တရုတ်နှင့်ဆီးရီးယားနိုင်ငံတို့ကြား ပထမဆုံးအကြိမ် တရားဝင်ထိတွေ့ဆက်ဆံမှုဖြစ်သည်။


တရုတ်နိုင်ငံသည် ၁၁ နှစ်ကြာ ဆီးရီးယား ပြည်တွင်းစစ်အတွင်း သမ္မတအာဆတ် အစိုးရအဖွဲ့ကို ထောက်ခံအားပေးခဲ့သော နိုင်ငံဖြစ်သည်။

သို့ဖြစ်ရာ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း သမ္မတအာဆတ် ပြုတ်ကျချိန်တွင် ဒမတ်စကတ်မြို့ရှိ တရုတ်သံရုံးမှာ လုယက်ဖျက်ဆီးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ဆီးရီးယားသမ္မတသစ် အယ်လ်ရှာရာနှင့် တရုတ်သံအမတ်ကြီး ရှီဟောင်ဝေတို့အနေဖြင့် မည်သည့်အကြောင်းအရာများ ဆွေးနွေးခဲ့ကြသည်ကို ဆီးရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားခြင်း မရှိကြောင်း သိရသည်။

လက်ရှိ ဆီးရီးယားအစိုးရသစ်၏ လက်နက်ကိုင်တပ်များထဲတွင် တရုတ်နိုင်ငံ ရှင်ကျန်းဒေသမှ ဝေဂါလူမျိုးစစ်သွေးကြွများ ရှိနေကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။

Ref : RT
Trs : KKO



## ရှေးအကျဆုံးမဟာတံတိုင်းအစိတ်အပိုင်း တရုတ်ရှေးဟောင်းသုတေသနပညာရှင်များတွေ့ရှိ



**ပေကျင်း ဖေဖော်ဝါရီ ၂၂**

တရုတ်နိုင်ငံ မဟာတံတိုင်းကြီး၏ ရှေးအကျဆုံးအစိတ်အပိုင်းအဖြစ်ယူဆရသော တံတိုင်းအစိတ်အပိုင်းကို ရှေးဟောင်းသုတေသနပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါမဟာတံတိုင်းအစိတ်အပိုင်းကို ရှန်တုန်းပြည်နယ် ချန်ချင်းခရိုင်၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

တရုတ်ရှေးဟောင်းသုတေသနပညာရှင်များ၏အဆိုအရ ယင်းမဟာတံတိုင်း အစိတ်အပိုင်းကို ဘီစီ ၇၇၀နှင့် ဘီစီ ၄၇၆ခုနှစ်များကြားတည်ဆောက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သိရသည်။

တရုတ်ရှေးဟောင်းသုတေသနပညာရှင်များ၏ အဆိုပါတွေ့ရှိချက်မှုကို အတည်ပြုနိုင်ခဲ့ပါက မဟာတံတိုင်းကြီး စတင်တည်ဆောက်ခဲ့သောကာလမှာ ယခင်တွေးထင်ထားသည်ထက် နှစ်ပေါင်း ၃၀၀ ကျော်ထိ ပိုစောနိုင်ဖွယ်ရှိကြောင်း သိရသည်။

နောက်ဆုံး တူးဖော်တွေ့ရှိထားရသည့် မဟာတံတိုင်းအစိတ်အပိုင်းမှာ တရုတ်တွေးခေါ်ရှင် ကွန်ဖြူးရှပ်ခေတ်ကပင် တည်ဆောက်ခဲ့သော အစိတ်အပိုင်းဖြစ်နိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

တရုတ်မဟာတံတိုင်းကြီးသည် တရုတ်နိုင်ငံအရှေ့ပိုင်းတန်တောင်းမြို့မှ တရုတ်အနောက်ပိုင်း လော့ရေအိုင်ထိ မိုင်ပေါင်း ၁၃၀၀၀ကျော် အကွာအဝေးအတွင်း တည်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဘရာဇီးနိုင်ငံ၌ ခရီးသည်တင်ဘတ်စကားနှင့် ကုန်တင်ယာဉ်တို့ဝင်တိုက်မှုကြောင့် အနည်းဆုံး ၁၂ ဦးသေဆုံး

**ဆော်ပေါ်လို ဖေဖော်ဝါရီ ၂၂**

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ် ရီဆိုင်ရာအိုပရီတိုအမည်ရှိမြို့အနီး၌ ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့နှင့် ဝင်တိုက်ခဲ့ကြကြောင်း ဘရာဇီးတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖြစ်ပွားခဲ့သော အဆိုပါယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၁၂ ဦးသေဆုံး၍ ၁၉ ဦး ဒဏ်ရာရခဲ့ကြောင်း ဘရာဇီးပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ခရီးသည်တင်ဘတ်စကားမှာ ဖရန်ကာတက္ကသိုလ်မှ ဘရာဇီးကျောင်းသား၊ ကျောင်းသူများ လိုက်ပါလာသည့် ဘတ်စကားဖြစ်ကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှုအတွင်း သေဆုံးသူအားလုံးမှာ ဖရန်ကာတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများဖြစ်ကြကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။



လက်ရှိအချိန်တွင် ခရီးသည်တင်ဘတ်စကားနှင့် ကုန်တင်ယာဉ်ဝင်တိုက်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို ဘရာဇီးတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဘရာဇီးနိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ၁၀၀၀၀ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌနေရာ သမ္မတဒေါ်နယ်ထရန့် အပြောင်းအလဲပြုလုပ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌ လေတပ်ဗိုလ်ချုပ်ကြီး စီကျူဘရောင်းကို နေရာမှဖယ်ရှား၍ အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးကို ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌသစ်အဖြစ် ခန့်အပ်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

မိမိအနေဖြင့် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌသစ်အဖြစ် ဗိုလ်ချုပ်ကြီး စီကျူဘရောင်းနေရာတွင် အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး ဒန်ရာဇင်ကိန်းကို အမည်စာရင်း တင်သွင်းမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က ၎င်း၏ လူမှုမီဒီယာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အစဉ်အလာကို ချိုးဖောက်၍ အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီးတစ်ဦးကို ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌနေရာကို ပေးရန် စီစဉ်ထားခြင်းဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ဒန်ရာဇင်ကိန်းကို ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌတာဝန်ပေးအပ်ရေးအတွက် အမေရိကန်အထက်လွှတ်တော်၏ အတည်ပြုချက်ရယူရမည်ဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရန့်သည် အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး ဒန်ရာဇင်ကိန်းကို ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌရာထူးပေးအပ်ရေးအတွက် ကြယ်လေးပွင့်ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးပေးရမည်ဖြစ်သည်။

ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ဥက္ကဋ္ဌနေရာမှဖယ်ရှားခံခဲ့ရသော လေတပ်ဗိုလ်ချုပ်ကြီး စီကျူဘရောင်းသည် ယင်းရာထူးကို ရရှိခဲ့သော ဒုတိယမြောက် အမေရိကန်လူမည်းစစ်မှုထမ်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အမ်-၂၃ သူပုန်အဖွဲ့ကို ကူညီနေမှုများရပ်စဲရန် ရဝမ်ဒါကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတောင်းဆို

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်းရှိ အမ်-၂၃ သူပုန်အုပ်စုအား ကူညီမှုများရပ်တန့်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရဝမ်ဒါနိုင်ငံကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

ယင်းအပြင် ကွန်ဂိုနိုင်ငံတွင်းရှိ ရဝမ်ဒါတပ်များကိုလည်း မည်သည့်ခြွင်းချက်မရှိ ချက်ချင်းရုပ်သိမ်းပေးရန်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရဝမ်ဒါကိုတောင်းဆိုထားသည်။

ပြင်သစ်နိုင်ငံက ရေးဆွဲထားသော ကုလလုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်း၌ အဆိုပါအတိုင်းရဝမ်ဒါနိုင်ငံကို တောင်းဆိုထားခြင်းဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံပါဝင်သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ကန့်ကွက်သူမရှိ အတည်ပြုနိုင်ခဲ့သည်။


ကွန်ဂိုနိုင်ငံ နေ့သ်ကီဗူးပြည်နယ်နှင့် ဆောက်သ်ကီဗူးပြည်နယ်တို့၌ အမ်-၂၃ သူပုန်များက ရဝမ်ဒါနိုင်ငံ၏ စစ်ရေးအကူအညီဖြင့် ထိုးဖောက်တိုက်ခိုက်နေမှုကိုလည်း ဖေဖော်ဝါရီ ၂၁ ရက် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်၌ ဝေဖန်ရှုတ်ချထားသည်။

ရဝမ်ဒါနိုင်ငံသည် ကွန်ဂို၏ တွင်းထွက် သယံဇာတများကို လုယက်ရေးအတွက် အမ်-၂၃ သူပုန်အုပ်စုကို အသုံးချနေကြောင်း ကွန်ဂိုအစိုးရက စွပ်စွဲထားသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## တီယန်ဝန်-၂ ဂြိုဟ်သိမ်နမူနာရယူရေးအာကာသယာဉ်ကို လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက စီစဉ်ထား



**ပေကျင်း ဖေဖော်ဝါရီ ၂၂**

တီယန်ဝန်-၂ အမည်ရှိ ဂြိုဟ်သိမ်နမူနာရယူရေး အာကာသယာဉ်ကို ယခုနှစ် ပထမနှစ်ဝက်အတွင်း လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

တီယန်ဝန်-၂ ဂြိုဟ်သိမ်နမူနာရယူရေး အာကာသယာဉ်ကို စီချွမ်ပြည်နယ် ရှီချန်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် တရုတ်အမျိုးသား အာကာသအေဂျင်စီက စီစဉ်ထားသည်။

လက်ရှိအချိန်တွင် တီယန်ဝန်-၂ ဂြိုဟ်သိမ်နမူနာ ရယူရေး အာကာသယာဉ်ကို ရှီချန်းအာကာသစခန်းသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် လွှတ်တင်ပြီးချိန်တွင် 2016 HO 3 အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းပေါ်မှ ကျောက်သားနမူနာများကို ရယူ၍ ကမ္ဘာဆီသို့ ပြန်လည်ပို့ဆောင်ပေးမည် ဖြစ်ကြောင်း သိရသည်။

2016 HO 3 ဂြိုဟ်သိမ်ကျောက်သားနမူနာများကို ကမ္ဘာပေါ်သို့ ပို့ဆောင်ပြီးပါက အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်း နယ်မြေအတွင်းရှိ 311 P ဂြိုဟ်သိမ်တစ်စင်းထံ ဆက်လက် သွားရောက်မည်ဖြစ်သည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် တရုတ်နိုင်ငံ၏ ပထမဆုံး ဂြိုဟ်သိမ်နမူနာရယူရေး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာမှုကို ဥရောပမှပြည်သူများတွေ့ကြုံခဲ့ရ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာမှုကို ဥရောပတစ်လွှားမှ ပြည်သူများ ဖေဖော်ဝါရီ ၂၀ ရက်တွင် တွေ့ကြုံခဲ့ရကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသော ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ်၏ အစိတ်အပိုင်းတစ်ခုမှာ ပိုလန်နိုင်ငံ အနောက်ပိုင်း ပို့ဇနန်မြို့တော်အနီး ကျရောက်ခဲ့ကြောင်း ပိုလန်တာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်လာသည့် အထက်ပါ ဖယ်လ်ကွန်-၉ ဒုံးပျံ အစိတ်အပိုင်းသည် စတားလင့်ခ် ဂြိုဟ်တု ၂၂ စင်းကို ဖေဖော်ဝါရီ ၁ ရက်က လွှတ်တင်စဉ်အသုံးပြုခဲ့သည့် ဒုံးပျံမှပေါ်ထွက်လာခြင်းဖြစ်သည်။





ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် ပထမအဆင့် ပင်မဒုံးယာဉ်ကဲ့သို့ သတ်မှတ်နေရာသို့ ပြန်လည်ဆင်းသက်နိုင်စွမ်းမရှိသော်လည်း မြေပြင်စခန်း၏ထိန်းချုပ်မှုဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်ရန် ပုံစံထုတ်တည်ဆောက်ထားသည့် ဒုံးယာဉ်ဖြစ်သည်။

သို့ရာတွင် ဖေဖော်ဝါရီ ၂၀ ရက်က ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်လာသော ဖယ်လ်ကွန်-၉ ဒုံးပျံထိပ်ဖူးအဆင့် ဒုံးယာဉ်သည် အထိန်းအကွပ်မဲ့ ပြန်လည် ဝင်ရောက်လာပုံရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ပိုလန်နိုင်ငံ၌ ကျရောက်ခဲ့သောဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်အစိတ်အပိုင်းများအနက် တစ်ခုမှာ အလေးချိန်လေးတန်ထိရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ဘလူးအော်ရီဂျင်ကုမ္ပဏီက ပုဂ္ဂလိကအာကာသခရီးသည်များလိုက်ပါမည့် New Shepard မစ်ရှင်ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် လွှတ်တင်ရန်စီစဉ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ပုဂ္ဂလိက အာကာသခရီးသည်များ လိုက်ပါမည့် New Shepard မစ်ရှင်ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂၁ ရက်သတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက် မစ်ရှင်သည်ပုဂ္ဂလိကအာကာသခရီးသည်များလိုက်ပါသည့် ၁၀ ကြိမ်မြောက် New Shepard မစ်ရှင်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၅ ရက်မစ်ရှင်တွင် New Shepard ဒုံးပျံနှင့်အတူ ပုဂ္ဂလိက အာကာသခရီးသည် ခြောက်ဦး လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။

New Shepard ဒုံးပျံသည် အဆိုပါ ပုဂ္ဂလိကအာကာသခရီးသည်ခြောက်ဦးကို ကမ္ဘာမြေမျက်နှာပြင်နှင့် ၆၂ မိုင်အကွာ အာကာသဟင်းလင်းပြင် အနားစပ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ New Shepard မစ်ရှင်သည် စတင်လွှတ်တင်ချိန်မှစ၍ လူသယ်ထိပ်ဖူးယာဉ် ပြန်လည်ဆင်းသက်ချိန်ထိ ၁၀ မိနစ်နှင့် ၁၂ မိနစ်ကြား ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

New Shepard ဒုံးပျံကို တက္ကဆက်ပြည်နယ် အနောက်ပိုင်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် ဘလူးအော်ရီဂျင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# H E A L T H

## Sotagliflozin ဆေးက ပုံစံ-၂ ဆီးချို၊ ကျောက်ကပ်လူနာများ၏ လေဖြတ်နိုင်ခြေနှင့် နှလုံးဖောက်နိုင်ခြေကိုလည်း လျှော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

ပုံစံ-၂ ဆီးချိုရောဂါ၊ နာတာရှည် ကျောက်ကပ်ရောဂါလူနာများအတွက် အသုံးပြုသည့် Sotagliflozin ဆေးသည် လူနာများ၏ လေဖြတ်နိုင်ခြေနှင့် နှလုံး ဖောက်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Sotagliflozin ဆေးတစ်မျိုး သုံးစွဲနေသော ပုံစံ-၂ ဆီးချိုနှင့် ကျောက်ကပ်ရောဂါလူနာများ၌ နှလုံးဖောက်နိုင်ခြေနှင့်လေဖြတ်နိုင်ခြေ သိသိသာသာ ကျဆင်းနေတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသန ပညာရှင်များသည် ပုံစံ-၂ ဆီးချိုနှင့် ကျောက်ကပ်ရောဂါလူနာ ၁၀၆၀၀ တို့ဖြင့် Sotagliflozin ဆေး၏ အာနိသင်ကို လက်တွေ့စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Sotagliflozin ဆေးသုံးစွဲသည့် လူနာများသည် ၎င်းဆေးသုံးစွဲမှုမရှိသူ လူနာများနှင့် နှိုင်းယှဉ်ပါက နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ ၂၃ ရာခိုင်နှုန်းထိ ပျမ်းမျှကျဆင်းနေတတ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## လူသုံးများသည့် သွေးတိုးရောဂါဆေးတစ်မျိုးက ADHD ရောဂါလက္ခဏာတစ်မျိုးကို လျှော့ချနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၂၂**

လူသုံးများသည့် သွေးတိုးရောဂါဆေးတစ်မျိုးသည် စိတ်အားတက်ကြွမှု လွန်ကဲခြင်းပြဿနာ (ADHD) ၏ ရောဂါလက္ခဏာတစ်မျိုးကို လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်သတင်းများအရ သိရသည်။

ADHD ရောဂါအတွက် လက်ရှိ အသုံးပြုနေသော ဆေးဝါးများသည် ခေါင်းကိုက်ခြင်း၊ အိပ်မရနိုင်ခြင်း၊ အစာစားလိုစိတ်မရှိခြင်း တို့အပါအဝင် ကျန်းမာရေး ဘေးထွက်ဆိုးကျိုးများ ရှိနေတတ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ဆာရေးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ Amlodipine အမည်ရှိ သွေးတိုးရောဂါဆေးတစ်မျိုးသည် မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိဘဲ ADHD လူနာများ၏ စိတ်အားတက်ကြွမှုလွန်ကဲခြင်းပြဿနာကို လျှော့ချရာတွင် အထောက်အကူ ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။


မိမိတို့၏လေ့လာတွေ့ရှိချက်အရ Amlodipine ဆေးသည် လျှပ်စစ်အချက်ပြလှိုင်းများ ထုတ်လွှတ်မှုလွန်ကဲနေသော ဦးနှောက်ဆဲလ်များကို ထိန်းချုပ်ပေးနိုင်ဖွယ်ရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

လျှပ်စစ်အချက်ပြလှိုင်းထုတ်လွှတ်မှုလွန်ကဲနေသော ဆဲလ်များကြောင့် ADHD လူနာများ၌ စိတ်အားတက်ကြွမှုလွန်ကဲခြင်းပြဿနာ ပေါ်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် Amlodipine ဆေး၏ အထက်ပါအာနိသင်ကိုအတည်ပြုရေးအတွက် လူသားလူနာများဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ရန် လိုအပ်ဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO








# ဂျာအိုဖီးလစ်နှင့် အန်ကူကူကိုရောင်းချ၍ ဖာရန်တောရက်စ်ကို ပြန်လည်ခေါ်ယူမည်ဟု ချဲလ်ဆီးအသင်းပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ချဲလ်ဆီးအသင်းသည် အသင်း၏ကစားကွက်နှင့် ကိုက်ညီမှုရှိသည့် တိုက်စစ်မှူးဂျာအိုဖီးလစ်နှင့် အန်ကူကူကို လာမည့်နွေရာသီတွင် အပြီးသတ်ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး ဘာစီလိုနာအသင်း တိုက်စစ်ကစားသမား ဖာရန်တောရက်စ်ကို ပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသင်းအနေဖြင့် တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလက အေစီမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် ရောင်းချခဲ့ရာ အေစီမီလန်အသင်းက အပြီးသတ်ဝယ်ယူခွင့် ရရှိရန် ဆွေးနွေးလာသောကြောင့်ရောင်းချသွားမည်ဖြစ်ကာ တိုက်စစ်မှူး အန်ကူကူကိုလည်း လာမည့်နွေရာသီတွင် အပြီးသတ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘာစီလိုနာအသင်း တောင်ပံကစားသမားဖာရန်တောရက်စ်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ ဖြင့် ပြန်လည်ခေါ်ယူရန် စီစဉ်ထားပြီး ဘာစီလိုနာအသင်းကလည်း ဘဏ္ဍာရေးအခက်အခဲကြောင့်ရောင်းချသွားမည်ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်း တိုက်စစ်ပိုင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၄၇ ဂိုးထိသာ သွင်းယူနိုင်ခဲ့ကာ ကွင်းလယ်ကစားသမား ပယ်မာက သွင်းဂိုး ၁၄ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသောကြောင့် တိုက်စစ်ပိုင်း လိုအပ်ချက်ကို ထပ်မံဖြည့်တင်းပေးနိုင်မည့် ကစားသမားတစ်ဦး ရှာဖွေလျက်ရှိရာ ဖာရန်တောရက်စ်သည် နည်းပြမာရက်စ်ကာ၏ ကစားကွက်နှင့် ကိုက်ညီသည့်အတွက် ချဲလ်ဆီးအသင်း ဘုတ်အဖွဲ့က လာမည့် အပြောင်းအရွှေ့တွင် ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : 90min**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းနှင့် ငါးနှစ်သက်တမ်း စာချုပ်ချုပ်ဆိုထားသော်လည်း ဘရိုက်တန်အသင်းကို အက်ဖ်အေဖလားပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ဖိအားများ ကျရောက်လျက်ရှိနေကြောင်း နည်းပြမာရက်စ်ကာက ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်စီးတီးခံစစ်ကစားသမား အာကန်ဂျီနှင့် ဂွါန်စတုန်းတို့ ဒဏ်ရာမှပြန်လည်သက်သာလာသော်လည်း ဂွါန်စတုန်းမှာ ကြွခိုင်မှုလိုအပ်ချက်ရှိနေသောကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိအသင်းတွင် မကစားနိုင်မည်ကို စိုးရိမ်နေကြောင်း မန်စီးတီးအသင်းက ထုတ်ပြန်ခဲ့သည်။
- ကားမတော်တဆမှုကြောင့် ခြေထောက်ကျိုးဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူး အန်တိုနီယိုသည် ပြိုင်ပွဲများတွင် သုံးလအကြာ ဝေးကွာပြီးနောက် ဒဏ်ရာသက်သာလာသဖြင့် အပြေးလေ့ကျင့်မှုစတင်ပြုလုပ်လျက်ရှိကြောင်း ဝက်စ်ဟမ်းအသင်းက အတည်ပြုထုတ်ပြန်ထားသည်။

**ML**

# နီပေါနိုင်ငံဖိတ်ခေါ်ဖလားပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးအသင်းနှင့် နီပေါအမျိုးသမီးအသင်းတို့ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကစားသွားမည်



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် လေးနိုင်ငံဖိတ်ခေါ်ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အိမ်ရှင် နီပေါအမျိုးသမီးအသင်းနှင့် မြန်မာအမျိုးသမီးအသင်းသို့ ဖေဖော်ဝါရီ ၂၃ ရက်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

နီပေါ ဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် အုပ်စုနှစ်ပွဲ ကစားပြီးချိန်၌ ပထမပွဲစဉ်တွင် လက်ဘနွန် အမျိုးသမီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ်တွင် ကာဂျစ်စတန် အမျိုးသမီးအသင်းကိုလည်း ငါးဂိုး ဂိုးမရှိဖြင့် ထပ်မံဂိုးပြတ်အနိုင်ရရှိခဲ့ပြီးနောက် ရမှတ် ခြောက်မှတ် ဂိုးကွာခြားချက်အသာဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်လျက်ရှိနေသည်။

အလားတူ အိမ်ရှင်နီပေါ အမျိုးသမီးအသင်းသည်လည်း အုပ်စုနှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲစလုံး အနိုင်ရရှိထားပြီး ရမှတ်ခြောက်မှတ်ဖြင့် မြန်မာအမျိုးသမီးအသင်းနှင့် ရမှတ်တူညီနေသော်လည်း ဂိုးကွာခြားချက်အရ အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိနေသည်။

အဆိုပါပြိုင်ပွဲစည်းမျဉ်းသတ်မှတ်ချက်များအရ အုပ်စုပွဲစဉ်များပြီးဆုံးလျှင် အုပ်စုပထမနေရာတွင် ရပ်တည်နိုင်သည့် အသင်းနှင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နိုင်သည့် အသင်းနှစ်သင်းအနေဖြင့် ဗိုလ်လုပွဲစဉ်အဖြစ် ကစားရမည်ဖြစ်သည့်အတွက် မြန်မာအမျိုးသမီးအသင်းနှင့် နီပေါအမျိုးသမီးအသင်းတို့မှာ အုပ်စုနှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲစလုံးအနိုင်ရရှိထားသည့် ဗိုလ်လုပွဲစဉ် ကစားရန်အတွက် သေချာနေခဲ့ပြီး အုပ်စုနောက်ဆုံးပွဲစဉ်ကို အုပ်စုပထမနေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အုပ်စုပွဲစဉ်များ၌ အကောင်းဆုံးပုံစံပြသလျက်ရှိနေသည့် မြန်မာအမျိုးသမီးအသင်းအနေဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ရန်အတွက် ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

**STA**

# ဘာစီလိုနာအသင်းက ခံစစ်ကစားသမား မာတီနက်ဇ်ကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးခဲ့ကြောင်းထုတ်ပြန်

**ဘာစီလိုနာ ဖေဖော်ဝါရီ ၂၂**

ဘာစီလိုနာ အသင်းသည် ခံစစ်ကစားသမား မာတီနက်ဇ်ကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးရန် သဘောတူညီမှု ရရှိထားသော်လည်း ဘဏ္ဍာရေးအခက်အခဲကြောင့် တရားဝင်ထုတ်ပြန်ကြေညာနိုင်ခြင်း မရှိကြောင်း သိရသည်။

ခံစစ်ကစားသမားမာတီနက်ဇ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကာ နည်းပြဖလစ် လက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ပြီး အသင်းခံစစ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်နေရသောကြောင့် အသင်းတာဝန်ရှိသူများက နောက်ထပ်တစ်နှစ် သက်တမ်းတိုးရန် ကြိုးပမ်းခဲ့ရာ နှစ်ဖက်သဘောတူညီမှုရရှိခဲ့သည်။

သို့သော်အသင်း၏ဘဏ္ဍာရေးအကျပ်အတည်းကြောင့် တရားဝင်ထုတ်ပြန်ကြေညာနိုင်ခြင်း မရှိသေးသဖြင့် မာတီနက်ဇ်၏ လုပ်ခလစာကို တရားဝင်ကြေညာခြင်း မရှိဘဲ ကြန့်ကြာနေသော်လည်း ကစားသမားအနေဖြင့် လက်ရှိအသင်းတွင် တစ်နှစ်လုပ်ခ ယူရိုလေးသန်းထိ ရရှိနေသည်။



အသက် ၃၃ နှစ်ရှိ ခံစစ်ကစားသမားသည် ၂၀၁၀ ပြည့်နှစ်က ဆိုစီဒက်အသင်းနှင့် ကစားသမားဘဝစတင်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်တွင် စီနီယာအသင်းကြီးနှင့် ပွဲထွက်ခွင့်ရရှိခဲ့ကာ ၂၀၁၇ ခုနှစ်တွင်ဘီလ်ဘာအိုအသင်းသို့ပြောင်းရွှေ့ခဲ့ပြီး ဘောလုံးရာသီခြောက်ရာသီကစားခဲ့ရာတွင် အသင်းအတွက်ပြိုင်ပွဲစုံ ၁၇၇ ပွဲတွင် သွင်းဂိုး ရှစ်ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ၂၀၂၃ ခုနှစ်တွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၅၅ ပွဲတွင် သွင်းဂိုးနှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်းသိရသည်။

**Ref : Goal.com**
**Trs : ML**

# မန်စီးတီးအသင်းက နွေရာသီအပြောင်းအရွှေ့ကာလတွင် ဒီဘရိုင်းအပါအဝင် ကစားသမားရှစ်ဦးထိရောင်းချပြီး အသင်းကို ပြန်လည်ဖွဲ့စည်းရန်ပြင်ဆင်

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၂**

မန်စီးတီးအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဒီဘရိုင်း၊ ဂရီးလစ်ချ်တို့အပါအဝင် ဝါရင့်ကစားသမား ရှစ်ဦးခန့်ကို ရောင်းချပြီး လူငယ်ကစားသမားများနှင့် ပြန်လည်အစားထိုးပြီး အသင်းကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းရန်အတွက် ပြင်ဆင်လျက်ရှိနေသည်။

မန်စီးတီးအသင်းကို နည်းပြဂွါဒီယိုလာ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အသင်းကိုကစားသမားကောင်းများနှင့်ဖွဲ့စည်းပြီး ဆုဖလားများစွာကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အဓိကကွင်းလယ်ကစားသမား ရိုဒရီ ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရသကဲ့သို့ အသင်းတွင် ကာလရှည်အားထားခဲ့ရသည့် ကစားသမားများ ခြေစွမ်းပိုင်းကျဆင်းမှုများကြောင့် အသင်းရလဒ်ပိုင်းများလည်း ဆက်တိုက်ဆိုးရွားလာခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းတွင် ကာလရှည်အဓိက ကစားသမားအဖြစ် အားထားခဲ့ရသည့် ကစားသမားများဖြစ်သည့် ဒီဘရိုင်း၊ ဂရီးလစ်ချ်၊ ဘာနာဒိုဆေးဗား၊ ဂွါန်စတုန်းတို့ အနေဖြင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် အသင်းအနေဖြင့်လည်း ရလဒ်ပိုင်းများပါ ယိမ်းယိုင်လာခဲ့သည့်အတွက် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် ဒီဘရိုင်းကိုအလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သည့်အပြင် နောက်ထပ် ကစားသမားများဖြစ်သည့် ဂရီးလစ်ချ်၊ဘာနာဒိုဆေးဗား၊ ဂွါန်စတုန်း၊ အငှားချထားသည့် ဝေါကာ၊ ဂန်ဒိုဂန်၊ ကိုဗာဆစ်တို့ အပါအဝင်ကစားသမားရှစ်ဦးထိကို အသင်းမှထွက်ခွာခွင့်ပြုပြီး လူငယ်ကစားသမားများနှင့် ပြန်လည်အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။

**Ref : Fabrizio Romano**
**Trs : STA**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ရှမ်းယူနိုက်တက်အသင်းနိုင်ပွဲရရှိပြီး ရတနာပုံအက်ဖ်စီနှင့် ဒဂုံပေ့ါအသင်းတို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနိုင်ပွဲရရှိပြီး ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံပေ့ါအသင်းတို့ သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၅၀ တွင် ဘာကာယိုကို၊ ပွဲချိန် ၇၅ မိနစ်တွင် မြတ်ကောင်းခန့်နှင့် ပွဲချိန် ၈၁မိနစ်တို့တွင် အောင်ဝဏ္ဏစိုးတို့က သွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှ မြတ်ကောင်းခန့်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံပေ့ါအသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် သုံးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၆မိနစ်တွင် နေဦးလွင်၊ ပွဲချိန် ၆၆ မိနစ်တွင် စိုးမင်းဦး၊ ပွဲချိန် ၇၉ မိနစ်တွင် ပြည့်မိုးတို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေ့ါအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၃ မိနစ်နှင့် ၄၅ မိနစ်တို့တွင် Mogouနှင့် ပွဲချိန် မိနစ် ၆၀ တွင် မိုးဆက်ပိုင်က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ဒဂုံပေ့ါအသင်းမှ မျိုးဆက်ပိုင်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# U-19 Futsal Cup Mandalay 2025 ပြိုင်ပွဲကို မတ် ၂၉ ရက်တွင် စတင်ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးပြီး Tun Tauk Myanmar Co.,Ltd က အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် U–19 Futsal Cup Mandalay 2025 ပြိုင်ပွဲကို လာမည့် မတ် ၂၉ ရက်တွင် စတင်ပြီး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါU–19 Futsal Cup Mandalay 2025 ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြေးအဖြစ် တစ်သိန်းငါးသောင်းကျပ်၊ အာမခံကြေးအဖြစ် တစ်သိန်းကျပ်ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုအတွက် ခုနစ်သိန်းကျပ်၊ ဒုတိယဆုအတွက် ငါးသိန်းကျပ်၊ တတိယဆုအတွက် သုံးသိန်းကျပ်၊ အကောင်းဆုံးကစားသမားဆုအတွက် တစ်သိန်းကျပ်နှင့် အကောင်းဆုံးဂိုးသမားဆုတစ်သိန်းကျပ် ချီးမြှင့်မည်ဖြစ်သည်။

U–19 Futsal Cup Mandalay 2025ပြိုင်ပွဲတွင် အသင်းတစ်သင်း၌ ဂိုးသမားနှစ်ဦးအပါအဝင် ကစားသမားအများဆုံး ၁၆ ဦးနှင့် အနည်းဆုံး ၁၀ ဦးပါဝင်ရမည်ဖြစ်ကာ နည်းပြအုပ်ချုပ်အဖွဲ့ဝင်အများဆုံး ငါးဦးနှင့် အနည်းဆုံး နှစ်ဦးပါဝင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာများကို မတ် ၉ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ TG Futsal Court တွင် ပြိုင်ပွဲဝင်ကြေးနှင့် အာမခံကြေးသွင်းကာ ထုတ်ယူနိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းခြင်းနှင့် ကစားသမား လူတွေ့စစ်ဆေးခြင်းကို မတ် ၂၃ ရက် နံနက် ၉ နာရီမှ ၁၂ နာရီထိ လည်းကောင်း၊ ပြိုင်ပွဲမန်နေဂျာအစည်းအဝေးကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် TG United အသင်း သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်–၂ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များကို ယနေ့နံနက် ၈နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ TG United အသင်း သရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက် လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်–၂ ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲတွင် Let Wel Thone Nara FC အသင်းနှင့် 7 Dra gon FC အသင်းတို့ ကစားခဲ့ရာ Let Wel Thone Nara FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နံနက် ၁၀ နာရီတွင်7 Brother FC အသင်းနှင့် TG Unitedအသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကာ နံနက် ၁၁ နာရီခွဲတွင် Gold Dream FC အသင်းနှင့် Pacific Sun Far FC အသင်းတို့ ကစားခဲ့ရာ Pacific Sun Far FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီတွင် JZ Young FC အသင်းနှင့် Shwe Pyi Thar United အသင်းတို့ ကစားခဲ့ရာ Shwe Pyi Thar Unit-ed အသင်းက သုံးဂိုးနှစ်ဂိုးဖြင့်လည်းကောင်း၊မွန်းလွဲ ၂နာရီခွဲတွင် YCDC Marga Youth FC အသင်းနှင့်Black Cross FC အသင်းတို့ကစားခဲ့ရာ YCDC Marga Youth FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၄နာရီက Maryar FCအသင်းနှင့် KKY FC အသင်းတို့ကစားခဲ့ရာ Maryar FCအသင်းက ငါးဂိုး လေးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။



မြန်မာဖူဆယ်လိဂ်–၂ ပြိုင်ပွဲ ပွဲစဉ်(၁၄)အပြီးတွင် TG United အသင်းက ၁၁ ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၃၄ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

STA

# ကင်မစ်ချ်အတွက် ရီးရဲလ်မက်ဒရစ်အသင်းထံမှ ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိဟု ဘိုင်ယန်မြူးနစ်အသင်း အတည်ပြု

**ဘာလင် ဖေဖော်ဝါရီ ၂၂**

ဘိုင်ယန်မြူးနစ် အသင်းက အသင်းမှ ကွင်းလယ်ကစားသမား ကင်မစ်ချ်ကို ခေါ်ယူရန်အတွက် ရီးရဲလ်မက်ဒရစ်အသင်းထံမှ ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိဟုအတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အသက်၃၀နှစ်ရှိ ကင်မစ်ချ်သည် ၂၀၁၅ ခုနှစ်က စတုဂတ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ကာ လက်ရှိဘောလုံးလောကတွင်လည်း အကောင်းဆုံးကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်သည်။

ကင်မစ်ချ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့စာချုပ်မှာ တစ်နှစ်သာကျန်ရှိတော့ပြီး ကင်မစ်ချ်ကိုယ်တိုင်ကလည်း ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာလိုနေသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အဆင်မပြေဖြစ်နေပြီး အနာဂတ် မရေမရာဖြစ်နေခြင်းဖြစ်သည်။

ကင်မစ်ချ်သည် ကွင်းလယ်အဖျက်ပိုင်းတွင်သာမက ဗဟိုခံစစ်တွင်ပါ ကစားနိုင်သူဖြစ်သည့်အတွက် ခံစစ်ပိုင်းလိုအပ်ချက်များရှိနေသည့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူလိုနေသောကြောင့် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန်သတင်းများ ထွက်ပေါ်လျက်ရှိနေသော်လည်း ဘိုင်ယန်မြူးနစ်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းထံမှ ကင်မစ်ချ်အတွက်ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိသေးဟုအတည်ပြုခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့်ကင်မစ်ချ်ကို ရီးရဲလ်မက်ဒရစ်အသင်းအပြင် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများကလည်း ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# ပရီးမီးယားလိဂ်ပြိုင်ပွဲတစ်ရာသီအတွင်း အိမ်ကွင်းခြောက်ပွဲတွင် တစ်ဂိုးမျှသွင်းယူနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့သည့်မှတ်တမ်းဆိုး လက်စတာအသင်းပိုင်ဆိုင်

**လန်ဒန် ဖေဖော်ဝါရီ ၂၂**

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် လက်စတာအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် လက်စတာအသင်းအနေဖြင့် လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်ရာသီအတွင်း အိမ်ကွင်းခြောက်ပွဲတွင် ဂိုးမရရှိခဲ့ဘဲရှုံးနိမ့်ခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၇ မိနစ်တွင် ဝှစ်ဆာ၊ ၂၇ မိနစ်တွင် အမ်ဘူမို၊ ပွဲချိန် ၃၂ မိနစ်တွင် နော့ဂရက်နှင့် ပွဲချိန် ၈၉ မိနစ်တွင် ကာဗယ်ဟိုတို့က သွင်းယူပေးနိုင်ခဲ့ကြခြင်းဖြစ်သည်။

လက်စတာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာခဲ့သော်လည်း ရာသီအစပိုင်းတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေခဲ့ပြီးနောက် နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ပြီး နည်းပြသစ်အဖြစ် မန်ယူအသင်း လက်ထောက်နည်းပြဟောင်းနစ္စတယ်ရွိုင်းကို ခန့်အပ်ခဲ့သော်လည်းအသင်းအနေဖြင့် ရလဒ်များ ကောင်းမွန်လာခြင်းမရှိသေးဘဲ ဆက်လက်ဆိုးရွားနေဆဲဖြစ်သည်။

လက်စတာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အိမ်ကွင်းပွဲစဉ်များ၌ ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိ၊ မန်စီးတီးအသင်းနှင့်ပွဲစဉ်၊ ပဲလေ့စ်အသင်းနှင့်ပွဲစဉ်၊ ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်၊ အာဆင်နယ်အသင်းနှင့်ပွဲစဉ်တို့တွင် နှစ်ဂိုး ဂိုးမရှိနှင့် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ်တွင် လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

Ref : Fotmob

Trs : STA

# အမေရိကန်ပြည်မကြီးကိုပင်လျှင် ခြိမ်းခြောက်နိုင်သော မြောက်ကိုရီးယားဒုံးကျည်များ

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်မကြီးကိုပင်လျှင် တိုက်ခိုက်နိုင်သည့် ဒုံးကျည်စွမ်းဆောင်ရည်များတည်ဆောက်နေသောကြောင့် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်များကို လွှမ်းမိုးရန် ခြိမ်းခြောက်လျက်ရှိပြီး ကိုရီးယားကျွန်းဆွယ်၏ အာဏာဟန်ချက်တွင် မဟာဗျူဟာမြောက်အပြောင်းအလဲဖြစ်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

အမေရိကန်မြောက်ပိုင်းစစ်ဌာနချုပ်(USNOR–THCOM)နှင့် မြောက်အမေရိက အာကာသကာကွယ်ရေးစစ်ဌာနချုပ်(NORAD)အကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျရက်ဂျော်ရီဂွီလေ့တ်က မြောက်ကိုရီးယားနိုင်ငံ၏ တိုးတက်လာသောတိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(ICBM)စွမ်းဆောင်ရည်များသည် အမေရိကန်ပြည်မကြီးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ နောက်ဆုံးတည်ဆောက်ထားသည့် အခဲလောင်စာတောင့်သုံး Hwasong–19 ဒုံးကျည်သည် မြောက်အမေရိကတစ်ဝန်းရှိပစ်မှတ်များကို ပစ်ခတ်နိုင်သည့် နျူကလီးယားကျည်ထိပ်ဖူးများ သယ်ဆောင်နိုင်စွမ်းရှိကြောင်း အမေရိကန်အထက်လွှတ်တော်၌ ပြောကြားသွားခဲ့သည်။

ဒုံးကျည်သစ်၏ အခဲလောင်စာဒီဇိုင်းသည် ကြိုတင်ပြင်ဆင်ချိန် သိသိသာသာလျှော့ချနိုင်သောကြောင့် ကြိုတင်ခြေရာခံနိုင်ရန်နှင့် ကြားဖြတ်တိုက်ခိုက်ရန် ပိုမိုသိမ်မွေ့ခက်ခဲစေမည်ဖြစ်သည်။ မြောက်ကိုရီးယား၏ ဒုံးကျည်များဆက်တိုက်တည်ဆောက်ထုတ်လုပ်နိုင်မှုသည် မကြာမီ အမေရိကန်နိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးကို အမီလိုက်နိုင်တော့မည်ဖြစ်ကြောင်း၊ အထူးသဖြင့် မြောက်ကိုရီးယားနိုင်ငံသည် လက်ရှိခန့်မှန်းထားသည်ထက် ဒုံးကျည်များပိုမိုထုတ်လုပ်နိုင်မည်ဆိုလျှင် အမေရိကန်ကို ခြိမ်းခြောက်လာတော့မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဂျရက်ဂျော်ရီဂွီလေ့တ်က သတိပေးပြောကြားသွားခဲ့သည်။

ဗိုလ်ချုပ်ကြီး ဂျရက်ဂျော်ရီဂွီလေ့တ်သည် မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့ကြားနည်းပညာဖလှယ်မှုအန္တရာယ်ကိုလည်း မီးမောင်းထိုးပြသခဲ့သည်။ နှစ်နိုင်ငံအပေးအယူသဘောတူညီချက်များသည် မြောက်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာမြောက်အဆင့်မြင့်လက်နက်များ ထုတ်လုပ်ရေးအစီအစဉ်ကို ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

အဆိုပါ တိုးတက်လာမှုများနှင့် အမေရိကန်၏ ပြိုင်ဘက်နိုင်ငံများကြား ပိုမိုကျယ်ပြန့်သော မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုသည် အမေရိကန်ပြည်မကြီးကို နယ်ပယ်ပေါင်းစုံမှခြိမ်းခြောက်မှုများတစ်ပြိုင်တည်းလုပ်ဆောင်လာမှု ပိုမိုမြင့်တက်လာဖွယ်ရာရှိသဖြင့် အမေရိကန်၏ လက်ရှိကာကွယ်ရေးစနစ်များကို ပိုမိုဖိအားပေးလာလျက်ရှိသည်။

ထို့ကြောင့် မျိုးဆက်သစ်ကြားဖြတ်ဒုံးကျည်(NGI)အပါအဝင် မျိုးဆက်သစ်ဒုံးကျည်ကာကွယ်ရေးစနစ်များချက်ချင်းလိုအပ်မှုနှင့် ပြိုင်ဘက်နိုင်ငံများ၏ ခေတ်မီဆန်းသစ်သောဒုံးကျည်ခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်နိုင်ရေး စောင့်ကြည့်နည်းပညာများတိုးတက်ရန် လိုအပ်မှုများကို ဗိုလ်ချုပ်ကြီး ဂျရက်ဂျော်ရီဂွီလေ့တ်က အလေးထားပြောကြားသွားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ Hwasong–19 ICBM သည် တိုင်းပြည်၏ မဟာဗျူဟာမြောက်ဒုံးကျည်စွမ်းဆောင်ရည်များကို သိသိသာသာမြှင့်တင်ပေးနိုင်ပြီး ပစ်မှတ်ပေါင်းစုံကို လွတ်လပ်စွာပစ်ခတ်နိုင်သည့်ဒုံးကျည်(MIRV)စနစ်နှင့်ပေါင်းစပ်သွားဖွယ်ရာရှိနေသည်။ Hwasong–18 နှင့်နှိုင်းယှဉ်လျှင် အခဲလောင်စာတောင့်သုံး Hwasong–19 ဒုံးကျည်သည် ကျည်ထိပ်ဖူးသယ်ဆောင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်များပိုမိုမြင့်မားလာမည်ဖြစ်သည်။ Hwasong–18 ICBM သည်ပင်လျှင် အမေရိကန်ပြည်မကြီးကို ရောက်ရှိပစ်ခတ်နိုင်စွမ်းရှိသည်။ MIRV အောင်မြင်စွာတပ်ဆင်ထားသော Hwasong–19 သည် ဒုံးကျည်တစ်စင်းလျှင် ကျည်ထိပ်ဖူးများစွာ တိုးမြှင့်သယ်ဆောင်နိုင်မည်ဖြစ်သောကြောင့် အမေရိကန်နိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစနစ်များအပေါ် ခြိမ်းခြောက်မှုဖြစ်လာစေမည်ဖြစ်သည်။



မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်ကို တွေ့ရစဉ်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဒုံးကျည်တစ်စင်းပေါ်တွင် ကျည်ထိပ်ဖူးများစွာတပ်ဆင်ခြင်းသည် ပစ်မှတ်ပေါင်းစုံကို တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ပဲ့ထိန်းဒုံးကျည်ဖြင့် ပစ်မှတ်ကို တိကျစွာပစ်ခတ်နိုင်စွမ်းရှိသည့်စွမ်းဆောင်ရည်ကို ပိုင်ဆိုင်နေပြီသလားဆိုသည့်အချက်ကိုမူ အတည်ပြုသွားရန် လိုအပ်နေဆဲဖြစ်သည်။

လက်ရှိဖြစ်ပွားနေသော ယူကရိန်းပဋိပက္ခသည် မြောက်ကိုရီးယားနိုင်ငံကို ဒုံးကျည်နည်းပညာတိုးတက်လာစေရန် အထောက်အကူဖြစ်စေလျက်ရှိသည်။ ယူကရိန်းနိုင်ငံကိုတိုက်ခိုက်သည့် မြောက်ကိုရီးယားပဲ့ထိန်းဒုံးကျည်များသည် ၂၀၂၄ ခုနှစ်ကတည်းက ပိုမိုတိကျလာခဲ့သည်။ ယခင်က တစ်ကီလိုမီတာမှ သုံးကီလိုမီတာအတွင်းရှိ ပစ်မှတ်ကို တိကျစွာပစ်ခတ်နိုင်သောဒုံးကျည်သည် လက်ရှိအချိန်တွင် မီတာ ၅၀ မှ ၁၀၀ အတွင်းရှိ ပစ်မှတ်များကို ထိမှန်နေပြီဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ICBM များကို ဆက်တိုက်ထုတ်လုပ်လျက်ရှိသောကြောင့် ကန့်သတ်ချက်ရှိသော အမေရိကန်၏ဒုံးကျည်ကာကွယ်ရေးစနစ်များအပေါ် လွှမ်းမိုးလာနိုင်မည့် အလားအလာရှိလာပြီဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် ပြုံယမ်းမြို့တွင်ပြုလုပ်ခဲ့သည့် စစ်ရေးပြအခမ်းအနား၌ Hwasong–17 ICBM ၁၂ စင်းခန့်ကို ပြသခဲ့သောကြောင့် အမေရိကန်နိုင်ငံ၏ ပိုင်ဆိုင်ထားသော ကြားဖြတ်ဒုံးကျည်များထက် ICBMs များ ပိုမိုထုတ်လုပ်ပြီးဖွယ်ရာရှိနေသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဒုံးကျည်တစ်စင်းလျှင် ကျည်ထိပ်ဖူးလေးခုတပ်ဆင်နိုင်မည်ဆိုလျှင် ကြားဖြတ်ဒုံးလွှတ်စင် ၄၄ ခုသာရှိသည့် အမေရိကန်နိုင်ငံ၏ ကုန်းမြေအခြေစိုက်ဒုံးကျည်ကာကွယ်ရေး(GMD)စနစ်များကို ကျော်လွှားနိုင်မည်ဖြစ်သည်။ GMD စနစ်သည် စမ်းသပ်မှုများအရ ၅၅ ရာခိုင်နှုန်းသာ ထိရောက်မှုရှိပြီး ကျည်ထိပ်ဖူးတစ်ခုအတွက် ကြားဖြတ်ဒုံးသုံးခု လိုအပ်လျက်ရှိသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးကန့်သတ်ချက်များကို သိရှိထားသဖြင့် အမေရိကန် Iron Dome တည်ဆောက်ရန် အမိန့်ဒီကရီတစ်ရပ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းဒုံးကျည်စနစ်သည် အသံလွန်လက်နက်များ၊ ပဲ့ထိန်းနှင့်ခရုဇ်ဒုံးကျည်များဖြင့် မျိုးဆက်သစ်ဝေဟင်တိုက်ခိုက်မှုများကိုချေမှုန်းရန် အာကာသအခြေစိုက်ကြားဖြတ်တိုက်ခိုက်မှုစနစ်(SBI)များနှင့် ပေါင်းစပ်ထားသည့် မျိုးဆက်သစ်ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုပင်ဖြစ်သည်။

သို့သော် ကျွမ်းကျင်ပညာရှင်များသည် အမေရိကန် Iron Dome စီမံကိန်းဖြစ်နိုင်ခြေနှင့် ဟန့်တားမှု သို့မဟုတ် မတည်မငြိမ်ဖြစ်မှုကို ပိုမိုမြင့်တက်လာစေမည်လားဆိုသည့်အချက်အပေါ် သဘောထားကွဲလွဲလျက်ရှိသည်။ အမေရိကန် Iron Dome သည် အားနည်းချက်ပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် အမေရိကန်၏ပြိုင်ဘက်များကို နျူကလီးယားလက်နက်များအတွက် နည်းလမ်းအသစ်များရှာဖွေရန် ဆွဲဆောင်မှုသာဖြစ်စေမည်ဖြစ်ကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ပြောဆိုလျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံသည် ရန်သူ့ရေပိုင်နက်များကိုထိုးဖောက်ရန်နှင့် ရန်သူ့ဆိပ်ကမ်းများနှင့် သင်္ဘောများကိုဖျက်ဆီးရေး ရေဒီယိုသတ္တိကြွဆူနာမီဖန်တီးရန် ဒီဇိုင်းရေးဆွဲထားသော Haeil အမျိုးအစား နျူကလီးယားလက်နက်တပ်ဆင်ထားသည့် ရေအောက်ဒရုန်းကို သုတေသနပြုတည်ဆောက်လျက်ရှိသည်။ သို့သော် မြောက်ကိုရီးယား၏ Haeil သည် လက်နက်အစစ်လား သို့တည်းမဟုတ် ဝါဒဖြန့်ပရိယာယ်လားဆိုသည့်အချက်ကိုမူ ရှင်းရှင်းလင်းလင်းမသိရှိရသေးပေ။

သို့သော် အမေရိကန်၏ အာကာသအခြေစိုက်ဒုံးကျည်ကြားဖြတ်တိုက်ခိုက်ရေး စနစ်များသည် လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများမြင့်တက်လာစေနိုင်ပြီး အာကာသတွင် စစ်ရေးတည်ဆောက်မှုဆန့်ကျင်သည့် နိုင်ငံတကာစံနှုန်းများနှင့် လွဲချော်လျက်ရှိသည်။ 1900 SBIs စနစ်တစ်ခုတည်ဆောက်ရန် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံမှ ၂၇ ဘီလီယံထိရှိနိုင်သော်လည်း ၎င်းစနစ်တစ်ခုသည် ဝင်ရောက်လာသည့်ဒုံးကျည်နှစ်စင်းကိုသာ ကြားဖြတ်တိုက်ခိုက်နိုင်မည်ဖြစ်ပြီး အခြားသော ကြားဖြတ်တိုက်ခိုက်ရေးစနစ်များသည် အလှမ်းမမီသဖြင့် အချိန်ကိုက်တာဝန်ထမ်းဆောင်နိုင်စွမ်းရှိမည်မဟုတ်ချေ။

အမှန်တွင် မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံရေးနှင့်စစ်ရေးရည်မှန်းချက်များ အောင်မြင်မှုရရှိရေး နျူကလီးယားလက်နက်ကိုအသုံးပြုရန် ရည်မှန်းထားဖွယ်ရာရှိသည်။ မြောက်ကိုရီးယားသည် နျူကလီးယားကျည်ထိပ်ဖူးတည်ဆောက်ရန် ရည်မှန်းချက်နှစ်ခုရှိပြီး ပထမတစ်ချက်မှာ ကိုရီးယားကျွန်းဆွယ်ရှိ အမေရိကန်၏တိုးမြှင့်လာသော နျူကလီးယားဟန့်တားမှု(NED)ကို ချိုးဖျက်ရန်နှင့် ဒုတိယအချက်မှာ ၎င်း၏အုပ်ချုပ်မှုအောက်တွင် ကိုရီးယားကျွန်းဆွယ်ကို ပြန်လည်ပေါင်းစည်းသွားနိုင်ရန်ဖြစ်သည်။

အမေရိကန်အနေဖြင့် ပြည်မကြီးကို မြောက်ကိုရီးယားနိုင်ငံမှ လက်တုံ့ပြန်တိုက်ခိုက်လာမှုကို စိုးရိမ်ပူပန်သောကြောင့် ကိုရီးယားကျွန်းဆွယ်တွင် ၎င်း၏ NED ရပ်တည်ချက်ကို ချိုးဖောက်သွားဖွယ်ရာရှိနေသည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တောင်ကိုရီးယားစစ်ရေးပစ်မှတ်များကို တိုက်ခိုက်ရာတွင် နျူကလီးယားလက်နက်များအသုံးပြုမှု ကန့်သတ်ထားရှိသရွေ့ အမေရိကန်အနေဖြင့် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များဖြင့် တုံ့ပြန်သွားဖွယ်ရာရှိနေသည်။

အနာဂတ်တွင် အဆိုးရွားဆုံးအခြေအနေဖြစ်လာမည်ဆိုလျှင် မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံကို မြေပြင်တပ်ဖွဲ့များဖြင့် မသိမ်းပိုက်မီ နျူကလီးယားလက်နက်များဖြင့် ဦးစွာချေမှုန်းသွားဖွယ်ရာရှိနေသည်။ တစ်ချိန်တည်းမှာပင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ်မှ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရုတ်သိမ်းရေးဖိအားပေးရန် နျူကလီးယားလက်နက်ဖြင့် ခြိမ်းခြောက်သွားဖွယ်ရာရှိနေသည်။ အမေရိကန် သို့မဟုတ် တောင်ကိုရီးယားနိုင်ငံကို နျူကလီးယားလက်နက်အသုံးပြုတိုက်ခိုက်ခြင်းသည် မြောက်ကိုရီးယားအစိုးရအတွက် ရှင်မလား သို့မဟုတ် သေမလားဆိုသောဆုံးဖြတ်ချက်ဖြစ်လာနိုင်သည်။

ထိုသို့သောအခြေအနေများကြောင့် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ကိုရီးယားကျွန်းဆွယ်အနီး၌ အမေရိကန်ပဲ့ထိန်းဒုံးကျည်တင် နျူကလီးယားရေငုပ်သင်္ဘော(SSBN)များ ပုံမှန်တပ်ဖြန့်ချထားခြင်း၊ ဂူအမ်တွင် နျူကလီးယားဗုံးများနှင့် ဒုံးကျည်များတပ်ဖြန့်ချထားခြင်း၊ နျူကလီးယားမျှဝေသုံးစွဲမှုသဘောတူညီခြင်း၊ နျူကလီးယားစစ်ပွဲဆင်နွှဲရန် အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များကို ကြိုတင်ပြင်ဆင်ခြင်းကဲ့သို့သော နျူကလီးယားဟန့်တားမှုအစီအမံများကို ခိုင်မာအားကောင်းအောင် လုပ်ဆောင်ရလျက်ရှိသည်။

**ကိုးကား**

– **North Korea missile puts all of US mainland in nuclear attack range by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# နတ်နဲ့နဂါး မလှည့်စားနဲ့ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲပြုလုပ်



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

Fortune TV ရုပ်သံလိုင်းက ထုတ်လွှင့်ပြသမည့် နတ်နဲ့နဂါး မလှည့်စားနဲ့ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခွန်သာချိုက ပြောပြ၍ သိရသည်။

နတ်နဲ့နဂါး မလှည့်စားနဲ့ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခွန်သာချိုက ရေးသားထားပြီး ဒါရိုက်တာ မဟာ(M.Sc)က ခွန်သာချိုရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"နတ်နဲ့နဂါး မလှည့်စားနဲ့ ဇာတ်လမ်းတွဲမှာ ကျွန်တော်က စရိုက်နှစ်မျိုးနဲ့ ပါဝင်ပြီးသရုပ်ဆောင်သွားမှာပါ။ ဒီဇာတ်ကားလေးက ကျွန်တော်ရိုက်ကူးနေကြ ပုံစံအတိုင်းလေးပဲ ပညာပေးမဲ့ပုံစံလေးပါ။ ဒီဇာတ်ကားမှာ သရုပ်ဆောင်တွေ အယောက် ၄၀ ကျော်လောက် မြိုင်မြိုင်ဆိုင်ဆိုင် သရုပ်ဆောင်မှာပါ။ နတ်နဲ့နဂါး မလှည့်စားနဲ့ဆိုတဲ့အတိုင်း ဒီဇာတ်ကားထဲမှာ ဘယ်လိုမျိုးစိတ်ဝင်စားစရာအကြောင်းရာတွေ ပါဝင်မလဲဆိုတာကို စောင့်မျှော်ပြီး ကြည့်ရှုအားပေးကြပါအုံး"ဟု သရုပ်ဆောင် ခွန်သာချိုက ပြောပြသည်။

နတ်နဲ့နဂါး မလှည့်စားနဲ့ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ခွန်သာချို၊ မင်းသွေးခန့်၊ မင်းသူ၊ ခိုင်နိုး၊ မာမီသက်၊ ဦးဘုန်း၊ ရဲလေးမ၊ ရော်နီ၊ မင်းသိဒ္ဓိအောင်၊ ရဲခေါင်၊ ရှိန်းနေလင်း၊ Subin Ya Oo၊ ကျော်မိုးမြင့်၊ ရှိုင်းသူရိန်၊ ရှင်သွေး၊ သူရိန်စိုး၊ ဈာန်လေးမာန်၊ ဒွေ့သည်သရုပ်ဆောင် အေးမမမျိုး၊ နွဲ့နွဲ့စန်း၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ မာယုသာ၊ ဆုရှိင်း၊ နန်းခမ်းဝါ၊ မျိုးမျိုးခိုင်၊ ဘိုမ၊ အိမ့်ကြာဖြူ၊ သူဇာပွင့်၊ အိမ့်ခြူးပွင့်၊ ညီုမိ၊ စနိုးမေ၊ ချစ်စနိုး၊ မြတ်သီဂီ၊ သရဖီကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲသည် အပိုင်း ၁၉ ပိုင်းပါရှိပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ရန်ကုန်၊ နေပြည်တော်၊ ပင်လောင်းဒေသတို့တွင် သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Final Reckoning ဇာတ်ကားကို ကန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပြသနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

Paramount ရုပ်ရှင်ကုမ္ပဏီသည် Mission: Impossible–The Final Reckoning ဇာတ်ကားကို နိုင်ငံတကာဈေးကွက်၌ ရုံမတင်မီ ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် ကန်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ပွဲဦးထွက်ပြသနိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းများအရ သိရသည်။

Paramount ကုမ္ပဏီသည် The Final Reckoning ဇာတ်ကားကို ယခုနှစ် မေလကုန်ပိုင်းတွင် ရုံတင်ပြသရန် စီစဉ်ထားသည်။

သို့ရာတွင် နိုင်ငံတကာဈေးကွက်၌ ရုံမတင်မီ The Final Reckoning ဇာတ်ကားကို ကန်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ မိတ်ဆက်ပြသရန် စီစဉ်ထားသည်။

The Final Reckoning ဇာတ်ကားတွင် မင်းသား တွမ်ခရုက Mission: Impossible ဇာတ်ကားများ၏ ပင်တိုင်ဇာတ်ကောင်ဖြစ်သော ထောက်လှမ်းရေးသမား အီသန်ဟော့အဖြစ် ဆက်လက်ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ခရစ္စတိုဖာမက်ကွာရီကပင် တာဝန်ယူရိုက်ကူးထားသည်။

အမေရိကန်ဒေါ်လာ သန်း ၄၀၀ အကုန်အကျခံ ရိုက်ကူးထုတ်လုပ်ထားသည့် The Final Reckoning ဇာတ်ကားကို လာမည့် မေ ၂၂ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# အတ္တရောင်ထူးချွန်ဆု ဇာတ်လမ်းတွဲကို မတ် ၃ ရက်မှ စတင်ထုတ်လွှင့်ပေးသွားမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

HEY Play Application က အတ္တရောင်ထူးချွန်ဆု ဇာတ်လမ်းတွဲကို မတ် ၃ ရက်မှ စတင်ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မင်းတော်ဝင်က ပြောပြ၍ သိရသည်။

အတ္တရောင်ထူးချွန်ဆု ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မင်းတော်ဝင်က ရေးသားထားပြီး မင်းတော်ဝင်နှင့် ပိုင်စိုးသူမောင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ထွဋ်တင့်ထွန်းက ELLA ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ဖန်တီးရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာတော့ အကယ်ဒမီများရှင် ဝါရင့်သရုပ်ဆောင် မို့မို့မြင့်အောင်ကို အကယ်ဒမီရဖို့အတွက်ဆို ဘာပဲလုပ်ရလုပ်ရ အတ္တကြီးလွန်းတဲ့ အမျိုးသမီးတစ်ယောက်အဖြစ် မြင်တွေ့ရမှာဖြစ်ပြီး သူ့ရဲ့နောက်ကွယ်က လူမသိသေးတဲ့အကြောင်းရင်းအမှန်ကို ဖော်ထုတ်ခံလိုက်ရတဲ့အခါ ဘာတွေဆက်ဖြစ်သွားမလဲဆိုတာကိုတော့ စောင့်မျှော်ကြည့်ရှုအားပေးကြပါအုံး"ဟု သရုပ်ဆောင် မင်းတော်ဝင်က ပြောပြသည်။

အတ္တရောင်ထူးချွန်ဆု ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းတော်ဝင်၊ ရဲလွင်ဦး၊ မင်းသူ၊ အောင်ဇော်မင်း၊ မို့မို့မြင့်အောင်၊ ထွန်းပုလဲရတနာ၊ မိုခမ်း၊ သုန္ဒြေဦးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ၂၀ရာစု ရုပ်ရှင်စတူဒီယို၏ Capsule ဇာတ်ကားကို ဒါရိုက်တာဂျပ်စတင်းချွန်က တာဝန်ယူရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၂**

၂၀ရာစု ရုပ်ရှင်စတူဒီယို၏ Capsule အမည်ရှိ သိပ္ပံရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျပ်စတင်းချွန်က တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၂၁ရက်သတင်းများအရသိရသည်။


လက်ရှိတွင် Capsule ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ ဂျပ်စတင်းချွန်သည် ၂၀ ရာစုရုပ်ရှင်စတူဒီယိုနှင့် ဆွေးနွေးလျက်ရှိသည်။

Capsule ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အယ်လီဂျာဘာနမ်က တာဝန်ယူရေးသားထားပြီး အဆိုပါဇာတ်ကားသည် အနာဂတ်မှ သတင်းစကားများထည့်ထားသည့် သတ္တုဘူးများ ရရှိခဲ့ပြီးနောက် ဘဝတစ်ခုလုံး ကပြောင်းကပြန်ဖြစ်ခဲ့ရသည့် လူငယ်တစ်ဦး၏ အဖြစ်ကို ဇာတ် အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကားနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# ကျောက်တံတားမြို့နယ် ကလသာအနုပညာပြခန်း၌ The Energy Of Feminine အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို မတ် ၂ ရက်ထိ ပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကလသာအနုပညာပြခန်း၌ The Energy Of Feminine အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို ယနေ့မှ မတ် ၂ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသထားသူ ပန်းချီ လင်းဝဏ္ဏက ပြောပြ၍ သိရသည်။

အဆိုပါ The Energy Of Feminine အမည်ရှိ Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ အောင်ကို၊ လင်းဝဏ္ဏ၊ ထူးအောင်ကျော်နှင့် Mark Pry Kaza (နိုင်ငံခြားပန်းချီဆရာ)တို့၏ ပန်းချီကားများကိုပြသထားပြီး အဆိုပါပန်းချီပြပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ပြသလျက်ရှိကြောင်း သိရသည်။

"Kalasa Art Gallery မှာ ပန်းချီဆရာ လေးယောက်ရဲ့ အကောင်းဆုံး လက်ရာတွေကို စုစည်းပြသတဲ့ ပန်းချီပြပွဲလေးကို ဒီနေ့ကနေ မတ် ၂ ရက်ထိ ပြသသွားမှာဖြစ်ပါတယ်။ လာရောက်အားပေးလေ့လာကြဖို့ ပန်းချီချစ်သူတွေကို ဖိတ်ခေါ်လိုက်ရပါတယ်"ဟု ပန်းချီ လင်းဝဏ္ဏက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄) လက်မ၊ (၂၄x ၂၄) လက်မ၊ (၁၈x ၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၁၀ သိန်းထိရှိကြောင်းလည်း သိရသည်။ ASH

# A delegation led by Minister of Economic Development of the Russian Federation calls on SAC Chairman Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing receives the delegation led by Minister of Economic Development of the Russian Federation H.E. Maxim RESHETNIKOV.

**Nay Pyi Taw February 22**

A delegation led by Minister of Economic Development of the Russian Federation H.E. Maxim RESHETNIKOV called on Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the Credentials Hall of the Office of the State Administration Council Chairman in Nay Pyi Taw this afternoon.

At the call, they cordially discussed good relations and cooperation between Myanmar and the Russian Federation, further promotion of mutual economic cooperation in all arenas and sectors, aid provided by the Russian Federation to Myanmar whenever the latter faced natural disasters and other necessary conditions, promotion of investment in Myanmar, arrangements to conduct research with systematic analyses for the long term aspects to have skilled labourers and infrastructures in adopting the plans, readiness of the Russian Federation to put investments in generating electricity and producing fertilizer, oil and chemical products which are essential for Myanmar, plans to hold talks about bilateral cooperation between the two countries and enhance investments of private sector, and further cooperation in all economic arenas between Myanmar and Russia.

Also present at the meeting were SAC Joint Secretary General Ye Win Oo, Union ministers, the Governor of Central Bank of Myanmar, and officials. The Russian Minister of Economic Development was accompanied by officials from the Russian Federation.

After the meeting, the Senior General and the Russian Minister of Economic Development exchanged gifts and had documentary photos taken.

100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Minister of Foreign Affairs of Thailand H.E. Mr. Maris Sangiampongsa and delegation

## Will promote bilateral cooperation in multiple sectors

**Nay Pyi Taw February 22**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Minister of Foreign Affairs of Thailand H.E. Mr. Maris Sangiampongsa at the parlour of Bayintnaung Villa here this morning.

During the meeting, views on further cementing the existing friendship and cooperation between the two countries and armed forces, taking of severe legal action against persons operating telecom frauds and online gambling, with the participation of international organization and neighbouring countries, through careful investigation, harsh legal action taken by Myanmar in launching anti-telecom fraud and anti-online gambling campaigns as a national duty, continuous bilateral cooperation in ensuring peace and stability, rule of law, anti-illicit trade, anti-terrorism and information sharing operations at the border areas, Myanmar's efforts to hold a free and fair general election, and promotion of bilateral cooperation in multiple sectors were cordially exchanged.

After the call, the Senior General and the Thai Foreign Minister exchanged commemorative gifts.

Also present at the call together with the Senior General were Joint SAC Secretary General Ye Win Oo, union ministers and senior military officers. The Thai FM was accompanied by Commander-in-Chief of Thai Royal Armed Forces Gen. Songwit Noonpackdee, the Thai ambassador to Myanmar, the Thai military attaché and officials.



Senior General Min Aung Hlaing receives Minister of Foreign Affairs of Thailand H.E. Mr. Maris Sangiampongsa and his delegation.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 111 more Chinese nationals and 1 Thai national involved in telecom frauds and criminal activities handed over



Among the Thai nationals who entered illegally, one individual was handed over on February 22.

**Nay Pyi Taw February 22**

The government has been actively collaborating with neighboring countries and international organizations to investigate and crack down on online scams (Telecom Fraud) and criminal activities. As part of these efforts, foreign nationals involved in such operations are being systematically handed over to their respective countries. Today, 111 Chinese nationals were transferred to their country via the Myanmar-Thai Friendship Bridge No. 2, while one Thai national was handed over through the Myanmar-Thai Friendship Bridge No. 1. These transfers were carried out in accordance with legal procedures, upholding humanitarian principles and fostering friendly relations between nations.

Most of the foreign nationals deported today had illegally entered and resided in Myanmar. They were reportedly coerced into participating in illegal online gambling, online scams, and other criminal activities in areas such as Shwe Kokko and KK Park in Myawady Township, Kayin State. According to their confessions, nearly all of them had entered Myanmar illegally through border areas, transiting through neighboring countries.

To ensure the smooth and systematic execution of these deportation procedures, Deputy Police Chief Police Major General Tin Ko Ko and officials from the Myanmar Police Force under the Ministry of Home Affairs oversaw the process.

The handover ceremony was attended by Deputy Police Chief Police Major General Tin Ko Ko, Mr. Liu Ning Ning, Deputy Director General of the Criminal Investigation Department of the Ministry of Public Security of the People's Republic of China, and Police Colonel Ploen Klinpayom, Deputy Superintendent of the Tak Province Immigration Office No. 3, along with other officials. During the ceremony, Myanmar officials formally handed over the necessary documentation for the deportation and reception of the individuals to the respective country's authorities.

The government remains committed to rigorously investigating and exposing those involved in online scams and online gambling. In collaboration with neighboring countries and international organizations, particularly through trilateral cooperation between Myanmar, China, and Thailand, the government continues to actively identify and take action against such activities. Additionally, foreign nationals involved in these operations are being systematically deported to their respective countries. 100

# 126 more illegal foreign migrants to Myanmar detained

**Nay Pyi Taw February 22**

The government has cracked down on those who are involved in online gambling and scams and criminal activities in Shwe Kokko and KK Park - Myawady in Kayin State after transiting some neighbouring countries including Thailand and illegally entering Myanmar through border routes and 126 more foreigners were detained today.

Combined teams of relevant departments are collecting their personal information and documents within a day in order to repatriate them to relevant countries as soon as possible.

Between 30 January and 22 February, 2025, a total of 2,111 illegal foreign migrants were uncovered and detained and 673 of them have been repatriated to relevant countries through Thailand in accordance with the law, rules and regulations. The remaining 1,438 illegal migrants are ready for repatriation and they have been detained properly.

The 2,111 illegal foreign migrants include citizens of China, Indonesia, Vietnam, Malaysia, Pakistan, India, Uganda, Ethiopia, Nepal, Thailand, Rwanda, Kenya, Kazakhstan, Cambodia and China (Taipei) and majority of them are from China. 100



126 more illegal foreign migrants detained by authorities.

# S. Korea protests against Japan's territorial claim to disputed islets

**Seoul February 22**

South Korea on Saturday protested at Japan's repeated territorial claims to the disputed islets lying halfway between the two countries, called Dokdo by South Korea and Takeshima by Japan.

South Korean Ministry of Foreign Affairs said in a statement that the South Korean government strongly protested against Japan's unjust repeated sovereignty claims over Dokdo, which is an integral part of the South Korean territory historically, geographically and under international law.

The ministry also expressed a strong protest against the attendance of a high-level Japanese government official at the "Takeshima Day" event hosted by Shimane Prefecture.

The prefecture has held annual events to claim its administrative sovereignty over the rocky islets since it designated Feb. 22 as Takeshima Day in 2005.

The islets, covering an area of about 0.18 square kilometers, are claimed by South Korea, the Democratic People's Republic of Korea and Japan. South Korea currently controls the islets.

Xinhua

# 6 hostages released by Hamas in latest swap

**Gaza February 22**

Six Israeli hostages previously held by Hamas were released on Saturday as part of an ongoing ceasefire exchange, the Israel Defense Forces (IDF) confirmed in a statement.

Two of the five hostages were transferred earlier on Saturday from a vehicle of al-Qassam Brigades, Hamas's armed wing, to vehicles of the International Committee of Red Cross (ICRC) in Rafah, southern Gaza, which later carried them to the IDF and the Israel Security Agency, according to Israeli and Palestinian sources.

The two are Avera Mengistu, 38, an Ethiopian-born Israeli man from Ashkelon, who crossed into Gaza in 2014 and had been held captive ever since, and Tal Shoham, 40, who was seized during the Hamas attack on Israel on Oct. 7, 2023, the sources told Xinhua.

Shoham's wife and two children, who were also taken hostage, were released in November 2023 under a temporary ceasefire agreement.

Later in the day, three other Israeli hostages were handed over by Hamas to the Israeli authorities via the ICRC in the al-Nuseirat refugee camp, in central Gaza, according to Palestinian sources.

The three -- Omer Shem-Tov, 22, Eliya Cohen, 27, and Omer Wenkert, 23 -- were also seized during the 2023 Hamas attack on Israel.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က ရိုမေးနီးယားသို့ GBU-39/B SDB အသေးစားဗုံး အလုံး ၄၀၀ ရောင်းချရန် အတည်ပြု



အမေရိကန်နိုင်ငံသည် NATO အဖွဲ့ မိတ်ဖက်နိုင်ငံဖြစ်သော ရိုမေးနီးယားနိုင်ငံသို့ GBU-39/B Small Diameter Bombs (SDB) အသေးစားဗုံးအလုံး ၄၀၀ ရောင်းချရန် အတည်ပြုလိုက်ပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၈၄ သန်းတန်ဖိုးရှိ အဆိုပါ သဘောတူညီချက်သည် ရိုမေးနီးယားနိုင်ငံ၏ အနာဂတ်လုံခြုံရေးခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် NATO အဖွဲ့ လေကြောင်းစစ်ဆင်ရေးများတွင် ၎င်း၏အခန်းကဏ္ဍကို အားကောင်းစေရန်အတွက် ရည်ရွယ်ထားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် GBU-39/B SDB တိကျပဲ့ထိန်း အသေးစားဗုံးများကို ဆက်စပ်ပစ္စည်းများနှင့် ဝန်ဆောင်မှုပံ့ပိုးပေးခြင်းတို့နှင့်အတူ ရောင်းချခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ဗုံးများနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှု၊ လေ့ကျင့်သင်တန်းပေးမှု၊ လက်စွဲစာစောင်များ၊ မရှိမဖြစ်လိုအပ်သော အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးနှင့် ဆော့ဖ်ဝဲလ်စနစ်များပံ့ပိုးပေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။

GBU-39/B SDB တိကျပဲ့ထိန်း၊ အသေးစားဗုံးများသည် ခေတ်မီဆန်းသစ်သော ပဲ့ထိန်းလက်နက်စနစ်ဖြစ်ပြီး ၎င်း၏ကျစ်လျစ်သိပ်သည်းသော ဒီဇိုင်းနှင့် တိကျသော တိုက်ခိုက်မှုစွမ်းရည်များကြောင့် လူကြိုက်များကျော်ကြားသည်။ ဤရောင်းချမှုသည် ရိုမေးနီးယားနိုင်ငံ၏ ဝေဟင်မှ မြေပြင်တိုက်ခိုက်မှုစွမ်းရည်ကို မြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ပြီး နိုင်ငံအနေဖြင့် သမားရိုးကျနှင့် ဘက်မညီသောခြိမ်းခြောက်မှုများကို ထိရောက်မှုမြင့်မားစွာ ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။

GBU-39/B SDB တိကျပဲ့ထိန်း အသေးစားဗုံးများသည် အမေရိကန် လေတပ်ကထုတ်လုပ်သော စွယ်စုံရတိကျပဲ့ထိန်းဗုံးအမျိုးအစားဖြစ်သည်။ အလေးချိန် ကီလိုဂရမ် ၁၃၀ သာရှိပြီး အလျား ၁ ဒသမ ၈ မီတာနှင့် အချင်း မီလီမီတာ ၁၉၀ ရှိသော GBU-39/B ဗုံးသည် အရွယ်အစားအားဖြင့် သေးငယ်သော်လည်း သာလွန်ကောင်းမွန်သော တိကျမှုစွမ်းရည်ကို ပိုင်ဆိုင်ထားစေရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

GBU-39/B၏ အဓိကအင်္ဂါရပ်များထဲမှ တစ်ခုမှာ ၎င်း၏ အကွာအဝေးဖြစ်သည်။ ခေါက်တောင်ပံများပါသည့် ဗုံးသည် ကီလိုမီတာ ၁၁၀ ထိ ရောက်ရှိတိုက်ပွဲဝင်နိုင်ပြီး သမားရိုးကျလက်နက်များ၏ ပုံမှန်တိုက်ခိုက်နိုင်မှု အကွာအဝေးထက် တာဝေးပစ်မှတ်များကို ထိရောက်စွာတိုက်ခိုက်နိုင်သည်။ ဤတာဝေးတိုက်ပွဲဝင်နိုင်စွမ်းသည် တိုက်လေယာဉ်များ၏ လေကြောင်းစွမ်းအားကို မြှင့်တင်ပေးကာ ရန်သူများ၏ခံစစ်စနစ်များနှင့် အလှမ်းခွာ၍ စစ်ဆင်နိုင်စေသည်။ ဗုံး၏ တန်စတင်ထိပ်ဖျားသည် ကွန်ကရစ်ဗုံးခိုကျင်းများနှင့် ဘန်ကာများကဲ့သို့သော အခိုင်အမာခံစစ်စခန်းများကို ထိုးဖောက်ဝင်ရောက်ချေမှုန်းနိုင်ရန် ထည့်သွင်းထားပြီး ခြိမ်းခြောက်မှုမြင့်မားသော စစ်မြေပြင်ပတ်ဝန်းကျင်တွင် တိုက်ပွဲဝင်ထိရောက်မှုအပေါ် အာမခံချက်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် GBU-39/B ဗုံးသည် ပစ်မှတ်များကို တိကျ စွာတိုက်ခိုက်နိုင်ရန် ဖောက်ခွဲရေးနည်းလမ်း အများအပြား အသုံးပြုနိုင်မည့် ခေတ်မီစနက်တံစနစ်ကို အသုံးပြုထားသည်။ ပြိုင်ဆိုင်မှုပြင်းထန်သော သို့မဟုတ် GPS ငြင်းဆိုထားသော ပတ်ဝန်းကျင်များတွင်ပင် တိကျစွာတိုက်ပွဲဝင်နိုင်ရန် GPS နှင့် Inertial လမ်းညွှန်ထိန်းကျောင်းမှုစနစ်တို့ ပေါင်းစပ်အသုံးပြုပေးထားသည်။ ထိုအချက်က အကြမ်းဖက်မှုတန်ပြန်ရေးနှင့် သောင်းကျန်းသူနှိမ်နင်းရေး စစ်ဆင်ရေးများအတွက် စံပြရွေးချယ်မှုတစ်ခုဖြစ်သည်။

အဆိုပါ တိကျပဲ့ထိန်းအသေးစားဗုံးများကို ဝယ်ယူခဲ့ခြင်းသည် ရိုမေးနီးယားနိုင်ငံ၏ ခံစစ်နှင့်ထိုးစစ် လေကြောင်းစစ်ဆင်ရေးနှစ်ခုစလုံးအတွက် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်များ ပေးစွမ်းနိုင်မည်ဖြစ်သည်။ ဗုံးများသည် ရိုမေးနီးယား ရှိလက်ရှိတိုက်လေယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**US Approves Sale of 400 GBU-39/B Small Diameter Bombs to Romania ကို ဘာသာပြန်ဆိုထားပါသည်။**

## Hensoldt ကုမ္ပဏီက GMJ9500 လူတစ်ကိုယ်သယ်ဂျမ်မာစနစ်သစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့

ဂျာမနီနိုင်ငံ Hensoldt ကုမ္ပဏီသည် ယူအေအီးနိုင်ငံ IDEX ကာကွယ်ရေးပြပွဲတွင် ရေဒီယိုလှိုင်းဖြင့် ထိန်းချုပ်လုပ်ဆောင်နိုင်သော ဖောက်ခွဲရေးပစ္စည်းများကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည့် GMJ 9500 လူတစ်ကိုယ်သယ် ဂျမ်မာစနစ်သစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

GMJ9500 ဂျမ်မာစီးရီးများသည် အန္တရာယ်များသော ပတ်ဝန်းကျင် အခြေအနေများတွင် စစ်ဘက်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ပေါ့ပါးပြီး လိုက်လျောညီထွေရှိစွာ အသုံးပြုနိုင်မည့် ဖြေရှင်းချက် တစ်ရပ်လည်းဖြစ်သည်။ ၎င်းသည် ခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များအတွက် ကင်းလှည့်ခြင်း၊ အကာအကွယ်ပေးခြင်း၊ မိုင်းရှင်းလင်းခြင်း လုပ်ငန်းတာဝန်များကို ဘေးကင်းလုံခြုံစွာ ထမ်းဆောင်နိုင်စေရန်နှင့် ဖောက်ခွဲရေးပစ္စည်းများရန်မှ တန်ပြန်ကာကွယ်ရေးတာဝန်များအပြင် RCIED ခြိမ်းခြောက်မှုများကို ရှင်းလင်းဖယ်ရှားရေး နည်းပညာရှင်အဖွဲ့များကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

GMJ9500 တစ်ကိုယ်ရေသုံး ဂျမ်မာစနစ်သည် ပြောင်းလဲနေသောအခြေအနေအမျိုးမျိုးတွင် သယ်ဆောင်ရလွယ်ကူပြီး လျင်မြန်စွာ တပ်ဖြန့်အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်း၏ ဖြုတ်လွယ်၊ တပ်လွယ် ဖွဲ့စည်းပုံဒီဇိုင်းသည် မစ်ရှင်လိုအပ်ချက်များအပေါ် အခြေခံ၍ ဂျမ်မာများကို လွယ်ကူအဆင်ပြေစွာ ရွေးချယ်သတ်မှတ် အသုံးပြုနိုင်မည်ဖြစ်ပြီး အခြေအနေအမျိုးမျိုးအတွက် လိုက်လျောညီထွေဖြစ်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂျမ်မာစနစ်သည် ဒရုန်း၏ ထိန်းကျောင်းလုပ်ဆောင်မှု လှိုင်းနှုန်းများကို ဖိဖျက်နှောင့်ယှက်နိုင်စွမ်းရှိသည်။ ဆော့ဖ်ဝဲလ်ရေးဆွဲ ထည့်သွင်းထားသော ဂျမ်မာနည်းပညာသည် ပြောင်းလဲနေသော ခြိမ်းခြောက်မှုများနှင့် လိုက်လျောညီထွေဖြစ်စေသော Jamming Waveforms အသစ်များကို ပေါင်းစပ်အသုံးပြုနိုင်သည်။ ထို့ပြင် GMJ Mission Software သည် တပ်ဖွဲ့ဝင်များကြား ချိတ်ဆက်လုပ်ဆောင်နိုင်ပြီး Jamming ပြုလုပ်သည့်လှိုင်းနှုန်းများနှင့် ဖိဖျက်ပိတ်ဆို့ထားသည့် Frequency band များကို တိကျစွာ ပရိုဂရမ်ထည့်သွင်းထားနိုင်မည်ဖြစ်သည်။ ဆော့ဖ်ဝဲလ်အနေဖြင့် Jamming Waveforms ပုံစံများကိုတွက်ချက်ပြီး မြန်ဆန်ထိရောက်စွာ အသုံးချရန်အတွက် ရည်မှန်းချက်အတိုင်း ပျံ့သန်းမှုလမ်းကြောင်းများကို အလိုအလျောက် ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။



Hensoldt ကုမ္ပဏီသည် ကမ္ဘာ့တစ်ဝန်းရှိ ကာကွယ်ရေးနှင့် အရပ်ဘက်ဈေးကွက်များအတွက် စနစ်များနှင့်ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း ဆောင်ရွက်ပေးလျက်ရှိသည်။ ကုမ္ပဏီ၏ ထုတ်ကုန်စာရင်းများတွင် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ၊ လှိုင်းနှုန်းမျိုးစုံ စောင့်ကြည့်ထောက်လှမ်းရေးစနစ်များ၊ Optronics အာရုံခံကိရိယာများ၊ ရေဒါနှင့် ဒေတာလင့်ခ်များ ပါဝင်သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် Hensoldt ကုမ္ပဏီသည် Fennek သံချပ်ကာကင်းထောက်ယာဉ် အစီး ၉၀ ၏အာရုံခံစွမ်းရည်ကို အဆင့်မြှင့်တင်ရန် ဂျာမနီတပ်မတော်နှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် Hensoldt ကုမ္ပဏီသည် ၎င်း၏ ARGOS-15 ထောက်လှမ်းရေးနှင့် ပုံရိပ်ဖော်စနစ်များကို ထုတ်ဖော်ပြသခဲ့ပြီး ARGOS-15 စနစ်သည် ပစ်မှတ်ထောက်လှမ်းခြင်း၊ အမျိုးအစားခွဲခြင်းနှင့် ခြေရာခံထိန်းကျောင်းခြင်းတို့ကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလုပ်ဆောင်ထားကြောင်း သိရသည်။

**Hensoldt Showcases New GMJ9500 Man-Portable Jammer System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဘဲဥအလုံးရေ ၇၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဘဲဥအလုံးရေ ၇၇၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ဘဲဥအလုံးရေ ၄၃၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ဘဲဥအလုံးရေ ၇၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဘိုကလေးမြို့နယ်ရှိ ခြံထွက်ဈေး ဘဲဥတစ်လုံးလျှင် ငွေကျပ် ၃၅၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ဘဲဥအလုံးရေ ၇၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ဖေဖော်ဝါရီလထဲမှာလဲ ဘဲဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ ဘဲဥဈေးကောင်းနေတဲ့ အဓိကအချက်က ဒေသမှာ ဥစားဘဲမွေးမြူတဲ့သူတွေ လျော့နည်း လာတာကြောင့်ပါ" ဟု ဘိုကလေးမြို့နယ် မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဥစားဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးလျှင်ဘဲအကောင်ရေ ၁၀၀၀ မှ ၂၀၀၀ ထိ မွေးမြူကြကြောင်း၊ အဆိုပါ ဒေသထွက် ဘဲဥများကို စနစ်တကျသန့်စင်ပြီး ကတ်များဖြင့်ထည့်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ ဥစားဘဲကိုမွေးမြူပါက အကောင်ရေ ၁၀၀၀ မွေးမြူလျှင် အထွေထွေကုန်ကျစရိတ်မှာငွေကျပ် ၁၈သိန်းမှ ၂၅ သိန်းထိ ကုန်ကျကြောင်း မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ထီးချိုင့်မြို့နယ်တွင် မြေပဲ ၂၂၇၁၁ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ထီးချိုင့် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၂၇၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၂၂၈၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၇၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ မြေပဲဧက ၁၂၂၈၀ လျာထား စိုက်ပျိုးခဲ့ရာ ယနေ့ထိ၂၂၇၁၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ် အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းသိရသည်။



မြေပဲကိုအထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်ခြေလေးဆယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက် ပြီးစီးနေမှုများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ အိမ်ခြေလေးဆယ်ကျေးရွာ၌ လမ်းအရှည်ပေ ၂၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းနှင့် တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၁၈ ဒသမ၅၇၈သန်းကျော်ဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၅၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၈၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)

ရှေ့ဖုံးမှအဆက်

ပူးပေါင်းဆောင်ရွက်မှုများရှိပြီး စီးပွားရေးဆိုင်ရာများတွင် နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားလိုအပ်သည့်အချိန်တိုင်း၌ အကူအညီများပေးအပ်ခဲ့မှုအခြေအနေများ၊မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် ကျွမ်းကျင်လုပ်သားများရရှိရေး၊ အခြေခံလိုအပ်ချက်များပြည့်စုံမှုရှိစေရေးတို့အပါအဝင် ရေရှည်အကျိုးကိုကြည့်၍ သုတေသနပြုစနစ်တကျတွက်ချက်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ ရေနံနှင့် ဓာတုထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရေးတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Maxim RESHETNIKOV တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

ဆောင်ရွက်သွားရန်အသင့်ရှိသည့် အခြေအနေများ၊ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စီးပွားရေးနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧဝဝ)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးသို့တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ဂုဏ်ပြုညစာစားပွဲဖြင့် ကြိုဆိုတည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီးညိုစော၊ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့က ဂုဏ်ပြုတက်ရောက်ကြသည်။

ထို့ပြင် ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ၊မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာအိစ်ကန်ဒဲအာဇီဇော့ဗ်နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးက နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး ညစာစားပွဲသို့ တက်ရောက်လာကြသူများက မြန်မာ-ရုရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ပြီး အဓွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**











နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maris Sangiampongsa တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ **ကျောဖုံးမှအဆက်**

Online လိမ်လည်မှု (Telecom Fraud)၊ Online လောင်းကစားမှုများလုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် Online လိမ်လည်မှု (Telecom Fraud)၊ Online လောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြတ်ပြတ်သားသား ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊နှစ်နိုင်ငံနယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင်ကုန်စည်စီးဆင်းမှုများနှင့် အကြမ်းဖက်မှုများ တိုက်ဖျက်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေးတို့တွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍ တရားမျှတသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Songwit Noonpackdee ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ၏ အမျိုးသားအဆင့်မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာ ၄ ဒသမ ၈ အရ မူပိုင်ခွင့် မှုခင်းများအား စစ်ဆေးစီရင်မည့် တရားသူကြီးနှင့် တရားရေးအရာရှိများကို မူပိုင်ခွင့်ဆိုင်ရာ အသိပညာများ ဖြန့်ဝေပို့ချပေးရန်၊ မဟာဗျူဟာ ၆ အရ မူပိုင်ခွင့် ချိုးဖောက်မှုများကို တားဆီးကာကွယ်နိုင်စေခြင်းငှာ သက်ဆိုင်ရာ တရားသူကြီးများကို လေ့ကျင့်သင်ကြားပေးရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မဟာဗျူဟာရည်မှန်းချက် ၅ ဒသမ ၂ ပါ မူပိုင်ခွင့်ဥပဒေများနှင့်စပ်လျဉ်းသည့် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ရန် ရည်ရွယ်၍ မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ(Awareness Seminar for the Enforcement of Intellectual Property Rights)ကိုယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College ၌ ပူးတွဲစနစ် (In-person/ Virtual)ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရေးအရာရှိလေးဦး၊ ကျောက်တံတားခရိုင်တရားရုံးနှင့် ပဲခူးမြို့နယ်တရားရုံးတို့မှ တရားသူကြီးနှစ်ဦး စုစုပေါင်း ခြောက်ဦးတို့က မူပိုင်ခွင့်ချိုးဖောက်မှုများ တားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သည့် Trademark Protection in Myanmar၊ Criminal Litigation regarding with Trademark in Myanmar ၊ Protection of Well-known Trademark ၊ Protection of Online Copyright Infringementin Myanmar ၊ Monetary Relief for Copyright Infringementsနှင့် Comparative Study of Damages Resulting from Trademark Infringement: Focusing on Statutory Damages ခေါင်းစဉ်များဖြင့် အသီးသီးတင်ပြဆွေးနွေးခဲ့ကြသည်။




အသိပညာပေးဆွေးနွေးပွဲသို့ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှ တရားရေးအရာရှိများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှတရားသူကြီးများတက်ရောက်ခဲ့ကြပြီး လူကိုယ်တိုင်တက်ရောက်သူ ၁၇၆ ဦး၊ အွန်လိုင်းဖြင့် တက်ရောက်သူ ၇၀၁ ဦး စုစုပေါင်း တရားသူကြီးနှင့်တရားရေးအရာရှိ ၈၇၇ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ထူးခြားသည့် ညအပူချိန်များ (၂၂ - ၂ - ၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Songwit Noonpackdee အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Songwit Noonpackdee အား ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထို့သို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၆၄ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့ နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ ၆၄ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စာရေရိက္ခာပြည့်စုံရေးကို အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တောင်သူများနှင့် ကိုယ်တိုင် တွေ့ဆုံစဉ် တောင်သူများ၏ အခက်အခဲ များနှင့်ဆောင်ရွက်နေမှုအခြေအနေများ ကိုသိရှိလိုပါကြောင်း၊ တောင်သူများ၏ လက်တွေ့ဘဝများထံမှ စိုက်ပျိုးရေး ဆိုင်ရာပညာရပ်များအသုံးချမှု၊ကျွမ်းကျင် မှုနှင့် အတွေ့အကြုံများကို တိုက်ရိုက် တွေ့ဆုံကာ ဆွေးနွေးလိုခြင်းဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ဦးစိုးလွင်အေးက "တောင်သူအစုအဖွဲ့များဖြင့် ဆီထွက် သီးနှံ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း" ခေါင်းစဉ်ဖြင့် အသင်း၏ဆောင်ရွက် နေမှုအခြေအနေများကို ဆွေးနွေး တင်ပြသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီး ဌာနမှ ဒေါက်တာခင်မျိုးဝင်းက ဆီထွက် သီးနှံများ အထွက်နှုန်းတိုးတက်ရေး အတွက် ထုတ်ဝေပြီးဆီထွက်သီးနှံမျိုးများ နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒေါက်တာ သက်ရည်ခိုင်က ဆီထွက်သီးနှံများတွင် ကျရောက်တတ်သောရောဂါများနှင့် သီးနှံ ကာကွယ်ရေးနည်းလမ်းများနှင့်စပ်လျဉ်း ၍လည်းကောင်း၊ ဒေါက်တာခင်မာမြိုင် က ဆီထွက်သီးနှံများတွင်ကျရောက်တတ် သော ဖျက်ပိုးများနှင့် ကာကွယ်နှိမ်နင်း နည်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေါက်တာမာမာဝင်းက ဆီထွက်ပဲပုပ် သီးနှံ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြ ရာ တက်ရောက်လာသည့်တောင်သူများ က သိလိုသည်များမေးမြန်းဆွေးနွေးမှု များအပေါ် စိုက်ပျိုးရေးသုတေသနဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက ဖြည့်စွက်ဆွေးနွေးကာ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ Video Clip အား ပြသသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ နည်းပညာဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီ နယ်မြေတွင်းမှ စိုက်ပျိုးရေးပညာရှင် ဦးရေ ၅၀ နှင့် တောင်သူ ဦးရေ၂၀ တို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူ ဦးရေ ၃၀၀ တို့က Zoom point ၁၀၀ မှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှပေးပို့ထုတ်လွှင့်နေသောအရုပ်၊ အသံအချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာနှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝ ဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ယင်းဖြစ်စဉ်သည် ထုတ်လွှင့်သည့်ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း)အရွယ်အစားနှင့် တည်နေရာတို့အပေါ်မူတည်၍ Sun Outageဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၇ ရက်မှ ၁၇ ရက်ထိ နေ့စဉ် တစ်မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signalပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေး ဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေ ဖြင့် Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနှင့်အထက်အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း သုံးရာခိုင်နှုန်း၊ Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း လေးရာခိုင်နှုန်းနှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းတို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲနှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုဆက်လက်မြှင့်တင်ရေး ဆွေးနွေး





**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၂ ရက်ထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်လာရောက်ခဲ့သည်။

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဂါရဝပြုတွေ့ဆုံခဲ့ပြီး မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တွေ့ဆုံကာ မြန်မာ-ထိုင်းနှစ်နိုင်ငံဆွေးနွေးပွဲကို Jasmine Nay Pyi Taw Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြားရှိ ရင်းစွဲနှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုဆက်လက်မြှင့်တင်ရေး၊ အထူးသဖြင့် တရားမဝင်နယ်စပ်ကုန်သွယ်ရေး၊တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုစသည့် တရားမဝင်လုပ်ငန်းများတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးနှင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပါအဝင် မြန်မာနိုင်ငံ၏လက်ရှိဖြစ်ပေါ်နေသော တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက နေပြည်တော်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်အားသွားရောက်ဖူးမြော်ကြပြီး ညပိုင်းတွင် ထိုင်းကိုယ်စားလှယ်အဖွဲ့ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အလုပ်သဘောညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ပမှတင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုအင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေတန်ချိန် ၃၀၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာမုတ္တမဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီး ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ဈေးကွက်အတွင်း ဖြန့်ဖြူးရန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သောဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့်ရေယာဉ်များပါအပတ်စဉ်ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး နှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင် သောမီးသတ်ဆေးဘူးများကို အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊


(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေးကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ဓာတ်သတ္တုကဏ္ဍဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ "RC-Investments" Foundation မှ Director Mr. Alexander S. SHATIROV အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီသည် ရုရှားဖက်ဒရေး ရှင်းနိုင်ငံ "RC-Investments" Foundation မှ Director Mr. Alexander S. SHATIROV အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိဝန်ကြီးဌာနအစည်းအဝေး ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင် ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်း အတွင်းဝန် ဦးလှမောင်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများ ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ် အဖွဲ့ကို ယနေ့ညနေ ၃ နာရီတွင် နေပြည် တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှား နိုင်ငံတို့အကြား ကဏ္ဍပေါင်းစုံ အောင်မြင် စွာဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးအတွက် ရေအားလျှပ်စစ်၊ လေအား လျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် အပူ စွမ်းအင်သုံးစီမံကိန်းများတွင် ရုရှားကုမ္ပဏီ များက ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာအကြီးအကဲများ နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့်အခမ်းအနားနှင့် ၆၃ နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီး များနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက နဂါးပရိယတ္တိစာသင်တိုက် အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက် နေမှု၊ မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် အခမ်းအနားနှင့် ၆၃ နှစ်မြောက် တောင်သူ လယ်သမားနေ့အခမ်းအနားများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ နဂါး ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဓမ္မသန္တာကျောင်း၌ တိုင်းဒေသကြီး သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ(ဌက်တွင်း) နဂါး ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌသာရအား ဖူးမြော်၍လှူဖွယ် ပစ္စည်းများဆက်ကပ်ကာ စာသင်တိုက် အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက် နေမှုများ လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင် ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်သို့ရောက် ရှိပြီး မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် အခမ်းအနားအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု ရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်က လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရာပြည့် သဘင်ကိုခမ်းနားထည်ဝါစွာဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး၊ တက္ကသိုလ် ဥပမိရုပ်အစဉ်ကောင်းမွန်စေ ရေး၊ လုပ်ငန်းများလစ်ဟင်းမှုမရှိစေရေး နှင့် သတ်မှတ်ကာလအတွင်း အောင်မြင် စွာပြီးစီးရေး အလေးထားကာစနစ်တကျ ကြပ်မတ်၍ ကဏ္ဍများအလိုက်စီမံခန့်ခွဲမှု အကောင်းဆုံးဖြင့် ဆောင်ရွက်သွားရေးတို့ ကိုမှာကြားပြီး တက္ကသိုလ်အတွင်း လိုက်လံ ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ၆၃ နှစ်မြောက်တောင်သူ လယ်သမားနေ့ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေသည့် ဆင်ဖြူကန်ကွင်းသို့ ရောက်ရှိပြီး မျိုး၊ မြေ၊ ရေ၊ နည်းအထောက်အကူပြုအသိပညာ ပေးပြခန်းများ၊ အထိမ်းအမှတ်ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်ကိရိယာ၊ စက် ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းအရောင်းပြခန်း များ၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ သွင်း အားစုအရောင်းပြခန်းများဆောင်ရွက်နေ မှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူ များ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေ စက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ် သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြု ပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အိမ်ပြင်ပဝ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



သံဃာတော်များနှင့် ဒေသခံပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ရန်အောင်မင်္ဂလာဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၄ ပါးနှင့် ဒေသခံပြည်သူ ၁၁၁ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများနှင့် တက္ကသိုလ်များအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အပါအဝင် မြို့နယ် သုံးမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ရှိ အခြေခံပညာကျောင်း၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |


## အချိန်အခါမဟုတ် မိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ယနေ့ညနေ ၄ နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့်မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၂-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## ကျိုင်းတုံမြို့နှင့် မတူပီမြို့အနီး မြေငလျင်လှုပ်ခတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ယနေ့နံနက် ၅ နာရီ ၄၈ မိနစ် ၁၆ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့ဘက် ၁၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကျိုင်းတုံမြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၇၆ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်နှင့် ယနေ့ညနေ ၅ နာရီ ၃ မိနစ် စက္ကန့်၃၀ အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၇၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မတူပီမြို့၏ အရှေ့ဘက် ၂၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၅၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၇၈ ဒီဂရီ၊ အနက် ၅၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တို့လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၁၁ ဦးနှင့် ထိုင်းနိုင်ငံသားတစ်ဦး ထပ်မံလွှဲပြောင်းပေးအပ်






တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၁၁ ဦးနှင့် ထိုင်းနိုင်ငံသား တစ်ဦးတို့ကို ထပ်မံလွှဲပြောင်းပေးအပ်ခဲ့မှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၁၁၁ ဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့လည်းကောင်း၊ ထိုင်းနိုင်ငံသားတစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လည်းကောင်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

ယနေ့ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည့် ပြည်ပနိုင်ငံသားအများစုသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများတွင် ပါဝင်လုပ်ဆောင်ရန် စည်းရုံးစေခိုင်းခြင်းခံခဲ့ကြရသူများဖြစ်ကြပြီး ၎င်းတို့၏ ဖွင့်ဟဝန်ခံချက်များအရ အားလုံးနီးပါးသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် တင်ကိုကိုနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်တင်ကိုကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် အမှတ်(၃) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဒုတိယဌာနမှူး ရဲမှူးကြီး Ploen Klin-payom နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gam-bling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၂၁၁၁ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၃၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၂၁၁၁ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊မလေးရှား၊ပါကစ္စတန်၊အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယားနှင့်တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဂျပန်နိုင်ငံ အိုင်ဝါတီစီရင်စုတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ



**တိုကျို ဖေဖော်ဝါရီ ၂၂**

ဂျပန်နိုင်ငံ အိုင်ဝါတီစီရင်စု အိုဖူနာတိုရေိယာတွင် ဖေဖော်ဝါရီ ၂၁ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး လေတိုက်နှုန်းမြင့်မားမှုကြောင့် တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း အိုင်ဝါတီစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် ဆန်ရီကူခရိုင်အနီးတွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လေတိုက်နှုန်းမြင့်မားမှုကြောင့် အိုဖူနာတိုရေိယာအနီးသို့ ကူးစက်လောင်ကျွမ်း လာခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိခဲ့ခြင်းကြောင့် လေကြောင်းအကူအညီ ရယူထားပြီး ရဟတ်ယာဉ်အသုံးပြုကာ မြေပြင်မှ မီးငြိမ်းသတ်နေသော မီးသတ်တပ်ဖွဲ့ဝင်များကို ကူညီပေးနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၂၂၅ ဟက်တာထိ ပျက်စီးနေပြီး တောမီးကို ထိန်းချုပ်နိုင်ခြင်းမရှိသေးသည့်အတွက် သစ်တောမြေ ပိုမိုပျက်စီးလာဖွယ်ရှိကြောင်း အိုင်ဝါတီစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မြို့တော်ဝန်နဲ့ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေဟာ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ ဒေသခံတွေအန္တရာယ်ကင်းဖို့ကို ဦးစားပေးပြီး ဆောင်ရွက်နေပါတယ်"ဟု အိုင်ဝါတီစီရင်စု အထွေထွေရေးရာဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒိုင်ကီက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် နေအိမ်များနှင့် နီးကပ်နေသည့်အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ကြောင်း၊ မြေပြင်မှ တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၃၀၀ ကျော် အသုံးပြုထားကြောင်း၊ လေကြောင်းအကူအညီအဖြစ် ရဟတ်ယာဉ်ခုနစ်စီးဖြင့် Water Tank များဖြင့် တောမီးငြိမ်းသတ်ရာတွင် ကူညီပေးလျက်ရှိကြောင်း အိုင်ဝါတီစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် စားနပ်ရိက္ခာအတွက် ADBဘဏ်နှင့် WFPအဖွဲ့က အမေရိကန်ဒေါ်လာတစ်သန်း ပံ့ပိုးပေးခဲ့

**အဘူဂျာ ဖေဖော်ဝါရီ ၂၂**

နိုင်ဂျီးရီးယားနိုင်ငံ၏ အရှေ့မြောက်ဘက်ပိုင်း ဒေသများတွင် ရေဘေးအန္တရာယ်များဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် အငတ်ဘေးဒုက္ခသည်ဦးရေ မြင့်တက်လျက်ရှိရာ အိုင်ဗရီကို့စ်နိုင်ငံ အခြေစိုက် အာဖရိကဖွံ့ဖြိုးတိုးတက်ရေးဘဏ်(ADB)နှင့် အီတလီနိုင်ငံအခြေစိုက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP) တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၁ ရက်တွင် စားနပ်ရိက္ခာအတွက် အမေရိကန်ဒေါ်လာတစ်သန်း ပံ့ပိုးပေးခဲ့ကြောင်း ADB ဘဏ်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ဘက်ပိုင်း ဒေသများတွင် စားနပ်ရိက္ခာ မလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည့် လူဦးရေစုစုပေါင်း ၁၂၀၀၀ ကျော်ရှိကြောင်း၊ နိုင်ဂျီးရီးယားပြည်သူများကို ပံ့ပိုးပေးရေးအတွက် ADB ဘဏ်ကဦးဆောင်၍ WFP ၏ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ ဒါရိုက်တာ စတီဗင်ဆင်တို့ ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ပူးပေါင်းကူညီသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အာဖရိကဖွံ့ဖြိုးတိုးတက်ရေးဘဏ်(ADB)က လူနေမှုဘဝအတွက်ခက်ခဲနေတဲ့ နိုင်ဂျီးရီးယားပြည်သူတွေကို ကူညီပံ့ပိုးပေးဖို့ ကမ်းလှမ်းလာတဲ့အတွက် လိုအပ်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေပြုလုပ်ခဲ့ပြီးတော့ အမေရိကန်ဒေါ်လာတစ်သန်းပံ့ပိုးပေးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ ပျက်စီးခဲ့တယ်။ သဘာဝဘေးဒဏ်ကြောင့် ပြည်သူတွေ တော်တော်လေး ခက်ခဲနေတယ်။ အချို့ပြည်သူတွေ အငတ်ဘေးဒုက္ခနဲ့ ရင်ဆိုင်နေရတယ်။ ဒါကြောင့် စားနပ်ရိက္ခာအတွက် ပံ့ပိုးမှုပြုလုပ်သွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP)၏ နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ ဒါရိုက်တာ စတီဗင်ဆင်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိ ကီလောင်အာမီးတောင်ပေါက်ကွဲမှု ငြိမ်သက်သွားပြီဖြစ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိ ကီလောင်အာမီးတောင်သည် ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် မီးတောင်ပေါက်ကွဲမှု ပြန်လည်ငြိမ်သက်သွားပြီဖြစ်ကြောင်း United States Geological Survey က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကီလောင်အာမီးတောင်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစ၍ ပေါက်ကွဲမှု မကြာခဏဖြစ်ပေါ်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်ထိ ပေါက်ကွဲမှု ၁၀ ကြိမ်မြောက် ဖြစ်ပွားခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် ငြိမ်သက်သွားပြီဖြစ်သော်လည်း အခြေအနေကို စောင့်ကြည့်သွားရမည်ဖြစ်ပြီး ကန့်သတ်ထားသော မီးတောင်အနီးပတ်ဝန်းကျင်သို့ သွားရောက်ခြင်းမပြုရန် ဆက်လက်တားမြစ်ထားကြောင်း United States Geological Survey က ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ဒီတစ်ကြိမ် ပေါက်ကွဲမှုက အားကောင်းပါတယ်။ ဒီလို ချော်ရည်ပေါက်ထွက်မှုနှုန်းက ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်မြင်တွေ့ခဲ့ရတာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ၁၀ ကြိမ်မြောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ ပေါက်ကွဲအားပြင်းထန်ပြီး ချော်ရည်ယိုစိမ့်မှုတွေ ဖြစ်ပေါ်လာခဲ့ပြီးတဲ့နောက် ဖေဖော်ဝါရီ ၂၁ ရက်မှာ မီးတောင်ပေါက်ကွဲမှု အခြေအနေတည်ငြိမ်လာပါတယ်။ မီးတောင်ပေါက်ကွဲမှု အခြေအနေတည်ငြိမ်သွားပေမဲ့ အခြေအနေကို စောင့်ကြည့်သွားရမှာ ဖြစ်တဲ့အတွက် သတိပေးချက်တွေကိုတော့ ပြန်လည်ရုပ်သိမ်းတာမျိုး မရှိသေးပါဘူး"ဟု United States Geological Survey မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။



Ref : Sputnik News

Trs : Sai Sat

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

# တောင်ဆူဒန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထား

**ဂျူဘာ ဖေဖော်ဝါရီ ၂၂**

တောင်ဆူဒန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေသည့်အတွက် စာသင်ကျောင်းများကို ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ ယာယီပိတ်ထားကြောင်း တောင်ဆူဒန်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်ဆူဒန်နိုင်ငံ ဂျူဘာမြို့တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးထိ ရုတ်တရက် သတိလစ်လဲကျခဲ့ပြီးနောက် စာသင်ကျောင်းအားလုံးကို ယာယီပိတ်ထားရန် တောင်ဆူဒန်အစိုးရက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိ အပူချိန်ပမာဏမှာ ၃၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း၊ လာမည့်ရက်ပိုင်းအတွင်း အပူချိန်ပမာဏသည် ၄၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ဖွယ်ရှိနေကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဖြတ်သန်းမှုကြောင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ယောက် ရုတ်တရက်သတိလစ်လဲကျသွားခဲ့တဲ့အတွက် အရေးပေါ်အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်လာစေနိုင်တဲ့အတွက် ဖေဖော်ဝါရီ ၂၁ ရက်က စတင်ပြီး စာသင်ကျောင်းတွေကို ယာယီပိတ်ထားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့ ရေဆာ၊ ရေငတ်တဲ့အခြေအနေထိ စောင့်မနေဘဲ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့အတိုင်း ရေဓာတ်ခန်းခြောက်တာမျိုးမဖြစ်စေဖို့အတွက် ရေများများသောက်ပေးကြပါ"ဟု သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီး နပ်ဝမ်ကို့မော့စ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# ရေတက်ဦးမှာမြူးလေသည်

မောင်ခြိမ့်



**ဖေဖော်ဝါရီ ၂၁ ရက်မှ အဆက်**

ထိုအခါ မြစ်ဝကျွန်းပေါ်ဒေသ၏ မိုးအခါစီးဆင်းတတ်သော ရေထဲတွင် ရွှံ့တွေ၊ နွံတွေ၊ အမှိုက်စ၊ အမှိုက်ဆွေးတွေပါ၏။ နာရီနှင့်ချီ၍ ရေစီးနေသောအခါ ရေမျက်နှာပြင်မြင့်လျှင်မြင့်သလောက် ကမ်းပါးစပ်ရှိ သစ်ပင်၊ ချုံပင်တို့တွင် နွံနှစ်၊ ရွှံ့နှစ်တို့ အရစ်လိုက်တင်၍ ကျန်ခဲ့သည်။ သေသေချာချာကြည့်တတ်လျှင် ထိုထင်ကျန်ခဲ့သော ရေရစ်၏နှုတ်ခမ်းတွင် အမှိုက်စကလေးတွေ၊ ဒိုက်ဖတ်ကလေးတွေလည်း တွယ်ကပ်၍နေသည်ကို တွေ့ရပေလိမ့်မည်။

ကိုင်းထောက်သမားသည် ဒါကို သိထားရသည်။ သူတို့ ကိုင်းထောက်၍ဖမ်းဆီးသောငါးသည် ငါးသေးငါးမွှားမဟုတ်။ လေး၊ ငါးဆယ်ပိဿာထိ ရှိနိုင်သည့် ငါးကြီးတွေဖြစ်၏။ ထိုငါးကြီးတွေကို မိနိုင်ဖို့အတွက် သာမန်အတတ်ပညာ၊ သာမန်အားထုတ်ရုံနှင့်မရ။

ငါးမျှားတံကဆင်းလာသော ကြိုး၏အဆုံးတွင် ငါးမျှားချိတ်ရှိ၏။ ထိုငါးမျှားချိတ်တွင် ငါးအရှင်ကို တပ်ထား၏။ ထိုငါးသည် ရေပေါ်တွင် ရုပ်ပြေးနေသလိုဖြစ်အောင် ဖန်တီးရ၏။ ကြိုးကတိုနေလျှင် ငါးအရှင်က ရေထဲတစ်ထွာတစ်တောင်နစ်ဝင်နေလိမ့်မည်။ ထို့ကြောင့်ပင် ရေမျက်နှာပြင်၏ အမြင့်သည် ရေအပြည့်ဆုံးအချိန်တွင် မည်မျှမြင့်သနည်း။ ဒါကို သိရအောင် "ရေရစ်"အရာကို ရှာဖွေခြင်းဖြစ်တော့၏။

ညဉ့်နက်လာသည်နှင့်အမျှ ချောင်းကလေးအတွင်း၌ အမှောင်ထုက သိပ်သိပ်သည်းသည်းနှင့် ပိန်းပိတ်လျက်ရှိ၏။ တောခြင်ရိုင်းကြီးတွေကလည်း ဖွဲ့နှင့်ဆုပ်၍ပက်လိုက်သကဲ့သို့ အုံနှင့်ကျင်းနှင့် သွေးသားစုပ်ယူရန် တပ်ချီပျံသန်းလာကြပြီ။ တံငါတို့ထုံးစံ ထိုခြင်များကို ဖြန်းခနဲဖြန်းခနဲ လက်ဝါးနှင့်မရိုက်လက်ဖြင့်ဖိကာ အသာအယာသပ်၍ချ၏။ ထိုအခါ နီရဲစေးထန်းသောသွေးတို့ လက်မှာ စွန်းပေကြရပြီ။ ပါးစပ်က တထောင်းထောင်းထအောင် ဖွာထုတ်နေသောဆေးလိပ်မီးခိုးငွေ့များကြောင့် မျက်နှာပေါ်မှာတော့ သက်သာသေး၏။

ရေအတက်နှင့်ချိန်ဆ၍ စိုက်ထားသောကိုင်းတံတွင် ငါးစာတပ်ရတော့မည်။ ဒန်အိုးကလေးထဲမှာ ရေထည့်၍လှောင်ထားသော ငါးဖျင်းသလက်အရှင်ကလေးကို အသာယူ၏။ ပြီးလျှင် ငါးမျှားချိတ်နှင့် ငါးကလေး၏ ကျောရိုးဆူးတောင်နားမှာ အသာဖောက်၍ချိတ်၏။ အသားထဲ ငါးမျှားချိတ်ထိုးဖောက်ခံရပြီး ငါးကလေးမှာ နာလွန်း၍ထွန့်ထွန့်လူး၏။ ထိုငါးကလေးကို ရေမျက်နှာပြင်ပေါ် အသာချပေး၏။ ထိုအခါ ငါးကလေးသည် လွတ်မြောက်ချင်ဇောနှင့် ရေပေါ်ရုပ်တိုက်ကူးခပ်၍ပြေး၏။ သို့သော် ၎င်း၏ ကျောမှာ ဖောက်ချိတ်ထားသော မျှားချိတ်နှင့်ကြိုးကြောင့် ဝေးဝေးသို့မပြေးနိုင်၊ လက်လံ တစ်လံပတ်လည်လောက်မှာ ဝိုင်းပတ်၍လှည့်ပြေးနေရ၏။

စောအောင်ထီး သဘောကျစွာပြုံးလိုက်သည်။ အနေတော်ပါပဲ။ ထိုသို့ဝိုင်းပတ်လှည့်ပြေးနေတာကိုက ငါးကြီးတွေကို လာစားရန် ဖိတ်ခေါ်နေတာပဲဖြစ်၏။

လောကကြီးမှာ လှည့်စားတာ၊ မြူဆွယ်တာ၊ ဖိတ်ခေါ်တာ၊ ညို့ငင်ဖမ်းယူတာတွေနှင့် ပြည့်လျက်ရှိ၏။ ပန်းကလေးတွေက သူတို့၏လှပသော ပွင့်ချပ်ပွင့်ဖတ်တွေ၊ မွှေးကြိုင်ထုံသင်းသောရနံ့တွေနှင့် ပျားပိတုန်းတွေကို ညို့ငင်၏။ ဖားကလေးတွေက အုံးအင်ဖိုမသံပေး၍ ဆန့်ကျင်ဘက်လိင်ကို ဖိတ်ခေါ်၏။ ထိုသို့ ညို့ငင်ဖိတ်ခေါ်မှုကို ဘယ်သူလာ၍ ခံနိုင်သနည်း။ သည်ညရေတက်ဦးမှာ မြူးသော ငါးတွေ မိမှာကျိန်းသေပဲလေ။

(၅)

မည်းမှောင်ရစ်ဆိုင်းအုံ့မှိုင်းဝေရီ ရှစ်ခွင်တိုင်းဆီမှာ ဆိုင်းဆို့နေသော မိုးသားတိမ်မည်းတို့က တစ်ဝက်တစ်ပျက်သာနေဆဲ လကွေးကလေးကို ပြေးဝင်ဖုံးကွယ်လိုက် လွတ်ထွက်သွားလိုက်ရုံနှင့်ရှိ၏။

"မိုးမင်းကြီးရယ် ရေတက်ဦးမှာတော့ မရွာလိုက်ပါနဲ့ဟ"ဟု အသံထွက်အောင်ပင် စောအောင်ထီး ရေရွတ်မိတော့၏။ ရေတက်ဦးနှင့်မြူးသောငါးတွေ မိုးသည်းသည်းရွာလျှင် ပျောက်ကုန်မှာစိုးမိသောကြောင့်ဖြစ်၏။

ရေငြိမ်စပြုပြီ။ မြစ်မကြီးဆီကနေ ချောင်းရိုးကလေးအတိုင်း ပျော်မြူးစွာတက်လာသော ငါးကြီးတွေ၏ အစာဟပ်သံ၊ ရေပွက်သံတွေ ကြားနေရပြီ။ မြစ်မကြီးနှင့်စာလျှင် ရေစောက်နက်နက်နှင့် ကမ်းနှစ်ဖက်တွင် ချုံတွေ၊ သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေသော ချောင်းရိုးကလေးထဲတွင် ငါးကြီးတွေအတွက် အစာတွေက ပို၍ပေါလှ၏။ ထို့ကြောင့် အစာဇောနှင့် ငါးကြီးတွေ တသောသောတက်လာနေကြပြီ။

တောင်ဆီမှာ မိုးခြိမ်းသံဂျိုးဂျိုးဂျိမ့်ဂျိမ့်မြည်ဟည်း၍ မုတ်သုံလေရူးတစ်သုတ်က ချောင်းရိုးကလေးအတွင်းဝင်၍တိုးဝှေ့သောအခါ ကမ်းစပ်ရှိညောင်မုတ်ဆိတ်ပင်ကြီးပေါ်က ညောင်သီးတွေ တဖြုတ်ဖြုတ်ကြွေကျသံကြားရပြီး အိပ်တန်းတက်နေကြသော ငှက်ကလေးတွေက ထအော်ကြ၏။ နှင်းမှုန်နှင်းစက်ခန့် မိုးဖွဲကလေးတွေ ဖွဲဖွဲကျနေ၏။

"တော်ပြီ တော်ပြီ ဒီလောက်နဲ့ပဲ ရပ်ပါဟ ဆက်မရွာနဲ့တော့" စောအောင်ထီးက ရေရွတ်ပြန်သည်။

ဟုတ်သည်။ သည်လို မိုးဖွဲကလေးတွေအောက်မှာ ငါးကြီးတွေက ပို၍မြူးတတ်ကြသည်မဟုတ်လား။ ဒါ့ထက်သည်းလာရင်တော့ ငါးကြီးတွေ ရေပေါ်တက်မမြူးကြတော့ဘဲ ရေအောက်ဆင်းသွားကြလိမ့်မည်။

လမုပင်၏ အကိုင်းတွင်ချည်ထားသော လှေကလေးပေါ်မှာ စောအောင်ထီး အသက်ကိုတောင် ပြင်းပြင်းမရှူရဲဘဲ ငြိမ်သက်စွာစောင့်လျက်ရှိ၏။

"ဖလပ်ဖလပ် ဖြန်းဖြန်းဖြန်း"အသံတွေနှင့်အတူ ဝါးကိုင်းတံလေးချောင်းရှိ မျှားကြိုးများတွင် တွယ်ချိတ်ထားသော ငါးဖျင်းသလက်ကလေးတွေ ရုန်းကန်ကူးခပ်လိုက်သဖြင့် ရေသံတွေကြားနေရသည်။ သေးသွယ်ပျော့ပျောင်းသော ထီးရိုးဝါးအဖျားတွေက ငါးကလေးတွေဆွဲပြေးလျှင် အသာညွတ်ကွေး၍ပေးလိုက်၊ ပြန်၍ဆွဲယူတုံ့ထားလိုက်နှင့် ငါးကြီးတွေလာရန် မြူဆွယ်နေပြီ။

ရုတ်တရက်ငါးဖျင်းသလက်ကလေးတွ မျက်ကလဲဆန်ပျာနှင့် ဒါလောက်လူးလားဆန်ခတ်ဖြစ်နေပုံထောက်ရလျှင်ဧကန္တအနားမှာငါးကြီးတွေရောက်လာတာပဲဖြစ်ရမည်။ သူတို့ဘာသာဘာဝ အသိစိတ်နှင့် သူတို့ကိုစားမည့် သားစားငါးကြီးတွေ အနားရောက်နေမှန်းသိပြီး ကြောက်လန့်နေတာဖြစ်မည်။

စောအောင်ထီး လှေပေါ်မှာ ထိုင်လျက်ကပင် လက်ကို ရေထဲအသာချ၍ လက်ညှိုးကလေးကို ကွေးပြီး လက်မနှင့်ထိကာ အားနှင့်ခတ်ထုတ်သည်။ ဇုတ်ခနဲ၊ ဇုတ်ခနဲ အသံအိအိလေးလေးကြီး သုံး၊ လေး၊ ငါးခါထွက်လာသည်။ ဒါဟာ ငါးကြီးတွေလာရန် ပရိယာယ်သုံးလိုက်ခြင်းဖြစ်တော့၏။

လေး၊ ငါးချက်လောက် အသံပေး၊ ခဏနားနောက်တစ်ခါ လေး၊ ငါးချက်လောက် အသံပေး၊ ခဏနားနှင့် ငါးကြီးတွေမြူးလာရန်၊ အစာဆွဲရန် စနေလိုက်၏။ မကြာပါ သူနှင့် မျက်နှာချင်းဆိုင်ဘက်က ကိုင်းတံမှာ ငါးစဟပ်တော့၏။ ဖောင်းခနဲ ငါးကြီး၏ မေးရိုက်သံနှင့်အတူ ရေထဲသို့ဆွဲပြေးလေသဖြင့် ညွတ်ကွေး၍ပါသွားသော ထီးရိုးဝါးကိုင်းတံက ညွတ်အားကွေးအား နည်းကုန်သည်နှင့် အားနှင့်အင်နှင့် ဆတ်ခနဲပြန်၍ ရုန်းဆွဲလိုက်တော့၏။ ထိုအခါ ငါးဖျင်းသလက်ကလေး၏ ကျောတွင်ဖောက်ချိတ်ထားသော သံမဏိငါးမျှားချိတ်က ငါးကြီး၏ အာခေါင်အာစောက်ကို ဖောက်ခွဲစူးနစ်၍ ဝင်သွားလေပြီ။

ထိုအခါ ရေအောက်က ငါးကြီးသည် ဆတ်ဆတ်ခါနာကျင်လှသဖြင့် လွတ်လိုလွတ်ငြား အင်နှင့်အားနှင့် ရုန်းလေတော့၏။ ကိုင်းတံထိပ်တွင် ချိတ်ဆွဲထားသော နို့ဆီခွက်ကို လုပ်ထားသည့် ခလောက် က "တဂွမ်ဂွမ်" အော်ကာ အချက်ပေးလေ၏။

သည်ဘက်ကမ်းက ကိုင်းတံနှစ်ချောင်းဆီကလည်း နို့ဆီခွက်ခလောက်သံတွေက "တဂွမ်ဂွမ်"မြည်၍ "မြန်မြန်လာပါတော့ဗျို့ ကျုပ်ရဲ့ကိုင်းတံမှာ ငါးကြီးတွေမိနေပြီဗျ"ဟု မပြောသော်လည်း ပြောဘိသကဲ့သို့ စောအောင်ထီး နားလည်လိုက်၏။ ထို့ကြောင့် လှေဝမ်းထဲမှာ အလိုက်သင့်ချထားသော ငါးထိုးမှိန်းကို ကောက်ကိုင်ရင်း "မှတ်ပြီလားကွ ဒီလောက်မြူးချင်လှတဲ့ ငါးတွေ"ဟု ကျေကျေနပ်နပ်ကြီးကြုံးဝါးလိုက်၏။

(၆)

ညက ကိုင်းတံလေးချောင်းထောင်လေရာ ငါးပတ်ကြီးသုံးကောင်မိခဲ့၏။ ထို့ကြောင့် ဒေါ်မယ်ခတစ်ယောက် တပြုံးပြုံးနှင့် ဝါးခယ်မဈေးသို့ ပို့ရန်ပြင်နေပြီ။ အရှေ့ဘက်ဆီမှ ရောင်နီစကလေးတွေတောင်မဝံ့မရဲ အားစမ်းထွက်ပြူစပြုနေပြီ။ အိမ်ရှေ့ ရေကပြင်တွင်ထိုင်ကာ အကြမ်းရည်တစ်အိုးနှင့် ဇိမ်ကျနေသော စောအောင်ထီးက-

"မိန်းမရေ ဟောဒီမှာ အောင်ညွန့်ကြီးလာတယ်ကွ။ ငါးဖယ်အောင်း ငါးပိကင်ကလေး မီးကင်ပါဟေ့"ဟု အိမ်ထဲသို့ လှမ်းအော်လိုက်သည်။

"ညက မင်းတော်တော် ဟုတ်တယ်ဆို စောအောင်ထီး"

ဦးအောင်ညွန့်က မေးရင်းဝင်ထိုင်သည်။

စောအောင်ထီးက ဘာမှ ပြန်မပြောသေးဘဲ ဟီးခနဲတစ်ချက် ရယ်လိုက်သေးသည်။ ပြီးမှ-

"ဟုတ်တယ် ကောင်ရေ။ ငါးပတ်ကြီးတွေမှ သုံးကောင်တောင်ကွာ။ သောက်ကွာ ရေနွေး"ဟု ပြောရင်း ရေနွေးတစ်ခွက်ငှဲ့ပေးသည်။

"ငါးဖျင်းသလက်နဲ့ ထောင်တာလားကွ"

ကွန်သမား၊ ဗဝန်းသမားဦးအောင်ညွန့်ကမေးသည်။

"ဒီလိုကွ။ အခုလို ရေထရက်တွေမှာ ရေကညဘက်မှာတက်တဲ့အခါ ချုံစပ်တွေမှာ ငါးတွေတော်တော်ပွက်တယ်ကွ။ ငါကလဲ ဒူလာထနေတော့ ညဘက်တွေမှာ တော်တော်နဲ့ အိပ်မပျော်ဘူးဟေ့။ တို့အိမ်နောက်ဘက်မှာဆို ငါးကြီးတွေ တဝုန်းဝုန်းတဖြုန်းဖြုန်းနဲ့ အိပ်လို့တောင်မရပါဘူးကွာ။ ငါလဲ စိတ်တိုတိုနဲ့ ဒီလောက်တောင် သောင်းကျန်းနေတဲ့ ငါးတွေ ဘယ်လိုလုပ်ရင်ကောင်းမလဲ စဉ်းစားတယ်ကွ။ ကွန်နဲ့ပစ်ရင်လဲ မင်းကွန်ကွဲသွားမှာကွ။ ဒီလောက်ကြီးတဲ့ငါးတွေမရနိုင်ဘူး။ လက်ထွန်ပစ်ပြီး ဖမ်းရအောင်ကလဲ အဆင်မပြေဘူးကွ။ ဒီလိုအစားငမ်းတဲ့ ငါးကြီးတွေဟာ ဟိုရေအောက်က အသေကောင်တွေကို မစားဘူးကွ။ သူတို့က ရေပေါ်ရေလျှံမှာကူးခပ်မြူးနေတဲ့ ငါးအရှင်လေးတွေကိုပဲ မက်မက်မောမောစားကြတဲ့ အမျိုးကွ"

ဒေါ်မယ်ခက ငါးဖယ်အောင်းငါးပိကင်ကို ဆီဆမ်း၍ လာချသည်။ ဦးအောင်ညွန့်က တစ်ဖွဲ့ဖွဲ့ပြီးဝါးကာ ရေနွေးကြမ်းခါးခါးနှင့် မျှောချရင်း စိတ်ဝင်စားစွာ နားစွင့်လျက်ရှိသည်။

"အဲ...အဲဒီလိုတွေးရင်း မိုးသာလင်းကရော အဖြေမပေါ်ဘူးကွ။ စားကွာ မင်းကလဲ ငါးဖယ်အောင်းငါးပိက လတ်တော့ ငန်ဆိမ့်ကလေးကွ"ဆိုပြီး သူလည်း တစ်ဖွဲ့ဖွဲ့၍ဝါးလိုက်သေးသည်။

"အဲ မိုးလင်းတော့ မိန်းမက သူ့မြေးမတွေကို ဆူနေတာကြားရတော့တာပဲဟေ့။ ဟီလာတိုက်နေတဲ့ ငါးဖျင်းသလက်တွေ ဒီလောက်မြူးနေရင် ရေတက်ဦး ငါးရံ့တွေ၊ ငါးပတ်တွေနဲ့တွေ့မှ ဟုတ်ပေ့ဖြစ်နေအုံးမယ်တဲ့။ အဲဒါကိုလဲကြားရော ငါလဲ ချက်ချင်းသွားပြီး

စာမျက်နှာ ၂၅ သို့ ➤

# မော်လိုက်မြို့နယ်တွင် စပါးကေအားလုံးရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၈၃ ဒသမ ၆၅ တင်းထွက်ရှိ



**မော်လိုက် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးကေအားလုံး ရိတ်သိမ်းပြီးစီးပြီးဖြစ်ပြီး တစ်ကေလျှင် ၈၃ ဒသမ ၆၅ တင်းထွက်ရှိကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၁၈၉၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့်အဆိုပါစိုက်ပျိုးထားသောစပါး စိုက်ခင်းများကို ၂၀၂၄ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိကေ အားလုံးရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၈၃ ဒသမ ၆၅တင်း ထွက်ရှိကြောင်း သိရသည်။

"မော်လိုက်မြို့နယ်မှာ စပါးကေ၁၈၉၆၀ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးချိန်မှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက် ပေးခဲ့ပါတယ်။ ဒါကြောင့် စပါးအထွက်နှုန်း ကောင်းပါတယ်"ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ ရောင်းချနိုင်မည်ဖြစ်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးစိုက်ပျိုးမှုကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၆၆၆ ကေစိုက်ပျိုးပြီးစီး

**မအူပင် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်၆၆၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၆၆၆ ကေကို ၂၀၂၄ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ငရုတ်ကေအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ စနစ်တကျ ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မအူပင်မြို့နယ်မှာ ငရုတ် ၆၆၆ ကေထိ လျာထား စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ကေအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဒေသခံတောင်သူတွေက ငရုတ်စိုက်ပျိုးမှုနဲ့ ပတ်သက်လို့ အသိပညာဗဟုသုတတွေရှိနေပြီးဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တာလေးတွေကိုပဲ စိုက်ပျိုးရေးဦးစီးဌာနက ကူညီ အားဖြည့်ပေးခဲ့ပါတယ်။ ဒေသခံတောင်သူတွေက အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းငရုတ်တွေကို အများဆုံး ရွေးချယ် စိုက်ပျိုးခဲ့ပါတယ်" ဟု မအူပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။



ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့ ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငရုတ်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➢ စာမျက်နှာ ၂၄ မှအဆက်

စဉ်းစားမိတော့တာပဲဟေ့။ အဲဒါနဲ့ သာကျော်တို့အိမ်မှာ ထီးရိုးဝါးလေးလုံးသွားခုတ်၊ မင်းဆီက ငါးဖျင်းသလက်အရှင်တွေတောင်းပြီး ကိုင်းထောင်ဖြစ်တော့တာပေါ့ကွာ"

ဦးအောင်ညွန့်က "ဘာဆိုင်လို့လဲကွ မင်းဟာက"ဟု မေး၏။

စောအောင်ထီးက ပြုံးလိုက်သေးသည်။

"မင်းကလဲ ကွန်သမား၊ ဗဝန်းသမားပဲကွ။ ငါးဖျင်းသလက်တို့၊ ငါးပတ်တို့၊ ငါးရံတို့အကြောင်း သိပြီးသားပါ။ ငါးဖျင်းသလက်ဆိုတဲ့ငါးက အင်မတန်နန့်ကြောဆွဲတဲ့ငါးကွ။ ဘယ်တော့မှ အငြိမ်မနေဘူး။ အိုင်တစ်အိုင်မှာ ငါးဖျင်းသလက်တွေ များများမရှိနဲ့ ဆယ်ကောင်လောက်သာရှိ အကောင်ပေါင်းရာနဲ့ချီပြီးရှိတယ်ထင်ရအောင် ဟိုနေရာသွားပွက်၊ ဒီနေရာထခုန်နဲ့ မျက်စိနောက်အောင် ကမြင်းတဲ့ကောင်တွေမဟုတ်လား။

အဲသည်တော့ ငါးရံ့တို့၊ ငါးပတ်တို့လို အသားစားငါးကြီးတွေက ကြိုက်လို့ပဲလား၊ မျက်စိနောက်လို့ပဲလား ဒါမှမဟုတ် လတ်လတ်ဆတ်ဆတ်အရှင်ကိုမှစားတတ်တဲ့ သူ့ဓလေ့ကြောင့်ပဲလားလို့တော့ မဆိုနိုင်ဘူးကွ။ ငါးဖျင်းသလက်ပွက်လိုက်တာနဲ့ ထိုးဟပ်စားပစ်လိုက်တော့တာပဲ။ ငါက အိပ်ရာထဲလှဲရင်း ချောင်းထဲမှာ ဆူညံပွက်လောထနေတဲ့ ငါးကြီးတွေကို ဘယ်လိုဖမ်းရပ့ါမလဲလို့ စဉ်းစားနေတုန်း မိန်းမကသူ့မြေးမတွေကို ဆူနေတဲ့စကားထဲက အတွေးရသွားတာဟေ့။ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် မနေတတ်မစားတတ်ဘဲ သူတို့ရှိမှန်းလူသိအောင် အားနဲ့အင်နဲ့ ပွက်တတ်ဆူတတ်၊ အစာမက်တတ်တဲ့ အဲဒီငါးကြီးတွေကို ငါးဖျင်းသလက်နဲ့သာ မျှားလိုက်ရရင်ဆိုပြီး တွေးမိသွားတာကွာ သိရဲ့လား။ င့ါအတွေး မှန်၊ မမှန်ဆိုတာတော့ ဟောဒီမှာ ကြည့်ပေတော့ဗျာ"ဟုဆိုပြီး ရေကပြင်ပေါ်တွင် တန်းစီတင်ထားသော ဖြူဝါဝါ ငါးပတ်ကြီးသုံးကောင်ကို ပြလေ၏။

ဟုတ်သည်။ တစ်ကောင်တစ်ကောင်လျှင် ခြောက်ပိဿာ၊ ခုနစ်ပိဿာခန့်ရှိမည့် ငါးပတ်ကြီးတွေဖြစ်၏။ သုံးကောင်ဆိုတော့ အမယ် ပိဿာနှစ်ဆယ်ကတော့ ကျိန်းသေရှိလိမ့်မည်။ ယနေ့ဈေးနှင့်တွက်ကြည့်လျှင် အားပါးပါး နည်းနည်းနောနောငွေတွေမဟုတ်ပါလား။ တွေးရင်း၊ တွေးရင်းနှင့်ပင် စောအောင်ထီး ဝမ်းသာလုံးဆို့လေတော့၏။

## ချစ်ခြင်းဖြင့်သာ ကိန်းမွေ့ပါ

- ချစ်ခြင်းတရား ကိန်း၍သာ
ကိုယ့်လမ်းတာ ဖြောင့်တန်း၊
ဘယ်သွားသွား ဘယ်လာလာ
ကြောင့်ကြကွာ ဘယာဘေးတို့
ကင်းဝေးအေးချမ်း။

- ချစ်ခြင်းတရား ကိန်း၍သာ
သူ့လမ်းတာ ဖြောင့်တန်း၊
ဘယ်လှမ်းလှမ်း ဘယ်နှင်နှင်
ကျွမ်းရိပ်ငင် ဘယာဘေးတို့
ကင်းဝေးအေးချမ်း။

- ချစ်ခြင်းက ပန်းနယ်သွင်
ရင်အပူကို စိမ်းလန်း၊
ဘယ်လိုနွမ်း ဘယ်လိုဆူ
သောကမြူ ကင်းစင်ရစ်အောင်
နှစ်သိမ့်နိုင်စွမ်း။

- ချစ်ခြင်းက စမ်းနယ်သွင်
ရင်အပူကို ငြိမ်းချမ်း၊
ဘယ်လိုကျွမ်း ဘယ်လိုနှောင်
သောကမှောင် လွင့်ကွာပြေးအောင်
အားပေးနိုင်စွမ်း။

- ချစ်ခြင်းက မိုက်မှောင်ခွာ
သူသူ ငါငါ၊
ကိန်းမွေ့ရာ ဘဝလမ်း
အေးချမ်းစေမှာ၊
မေတ္တာဖျန်း စဉ်လန်းဖြာ
ဆင်မြန်းကာ ရင်ထဲ၊
အခက်အခဲတွေ
ဖျက်ခွဲချေ ရင်ဆိုင်လှမ်းလို့
အမုန်းဟူ ရင်ဆူမကျွမ်းရအောင်
အပြုံးပန်းဆင် ကိုယ်စီအစွမ်းနဲ့
တွဲလက်တွေ ညီညာကမ်းလျှင်ဖြင့်
လမ်းပန်းသာ ဖြောင့်ဖြောင့်ဖြူး
ဆွတ်ခူးအောင်ပွဲ။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# စာဖတ်ခြင်းရဲ့ကောင်းကျိုးများ

ကိုယဉ်ချစ်(မန္တလေး)

လူငယ်လူရွယ်တွေအပါအဝင် စာဖတ်တတ်တဲ့သူတိုင်း မှန်ကန်တဲ့အသိပညာတွေ တိုးပွားနေအောင် စာများများဖတ်ကြဖို့လိုပါတယ်။ စာဖတ်သူနဲ့ စာမဖတ်သူတွေရဲ့အရည်အချင်းတွေဟာ အချိန်တွေကြာလေ ကွာဟချက်တွေပိုကြီးလေပါပဲ။ တချို့က စာတတ်ပေမဲ့ စာဖတ်ဖို့ ဝန်လေးပြီး အကြောင်းအမျိုးမျိုးကြောင့် စာဖတ်နည်းကြပါတယ်။

စာဖတ်တယ်ဆိုတာ စာအုပ်တွေကိုဖတ်နိုင်တဲ့အပြင် နည်းပညာခေတ်ကြီးမှာ လက်ကိုင်ဖုန်းတွေနဲ့ စာဖတ်တာ၊ အသံကိုနားထောင်တာတွေ လုပ်နိုင်ကြပါတယ်။ ဘယ်လိုပုံစံနဲ့ဖတ်ဖတ် စာဖတ်ခြင်းကြောင့် အသိပညာတွေကိုရရှိပါမယ်။ ဒါပေမဲ့ စာဖတ်တာဖြစ်ဖြစ်၊ နားထောင်တာဖြစ်ဖြစ် သိလာတဲ့အသိတွေကို မှန်ကန်စွာ လက်ခံနိုင်ဖို့လဲ လိုပါတယ်။ လက်ခံသူရဲ့ စွမ်းရည်နဲ့ အသုံးချနိုင်မှုက အရေးကြီးပါတယ်။ စာဖတ်လို့ ရလာတဲ့အသိတွေနဲ့ အကောင်း၊ အဆိုးကို ဝေဖန်ပိုင်းခြားပြီးမှ လက်ခံရယူနိုင်ဖို့ အရေးကြီးပါတယ်။

လူတွေရဲ့စဉ်းစားတွေးခေါ်နိုင်တဲ့ အသိဉာဏ်ဟာ အခြားသက်ရှိသတ္တဝါတွေထက် သာလွန်ပါတယ်။ တချို့သက်ရှိသတ္တဝါတွေဟာ လူတွေထက်ခွန်အား၊ စွမ်းအာတွေသာလွန်ကြပေမဲ့ လူတွေရဲ့ကာယစွမ်းရည်နဲ့ ဉာဏစွမ်းရည်တွေက အခြားသက်ရှိသတ္တဝါတွေထက် စဉ်းစားတွေးခေါ်နိုင်တဲ့အသိဉာဏ်တွေကို ပိုင်ဆိုင်ထားလို့ အခြားသတ္တဝါတွေအပေါ်မှာ အနိုင်ယူနိုင်ပါတယ်။

လူတိုင်းမှာ အသိဉာဏ်တွေပိုင်ဆိုင်ကြပါတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် အရည်အသွေးတွေကမတူညီကြဘူး။ ပိုင်ဆိုင်ထားတဲ့အသိဉာဏ်တွေကိုရှိသလောက်နဲ့ ရောင့်ရဲတင်းတိမ်မနေဘဲ အသိဉာဏ်တွေရှင်သန်နေအောင်၊ တိုးတက်ပွားများနေအောင် အသိဉာဏ်ဆိုတဲ့ အာဟာရတွေကို ဖြည့်တင်းနေရမယ်။ ရှိထားပြီး အသိဉာဏ်တွေ ပိုပြီး တိုးတက်စေဖို့ စာတွေဖတ်ရမယ်။ သင်ယူလေ့လာမှုတွေကို အမြဲလုပ်နေရမယ်၊ ဗဟုသုတဖြစ်မယ့်အသံတွေကို နားထောင်ရမယ်၊ ဆွေးနွေးတိုင်ပင်ရမယ်။ ဒီအချက်တွေထဲက အလွယ်တကူလုပ်နိုင်တာကတော့ စာပေဖတ်ရှုလေ့လာခြင်းပါပဲ။

စာဖတ်ခြင်းကရလာတဲ့ အကျိုးတရားတွေ၊စာပေရဲ့တန်ခိုးအာနိသင်တွေ၊ ဆွဲဆောင်မှုတွေ၊ လွှမ်းမိုးနိုင်မှုတွေဟာ တုနှိုင်းစရာမရှိလောက်အောင် တန်ဖိုးကြီးမားပါတယ်။ လူတစ်ယောက်ရဲ့ ဘဝတိုးတက်မှုအခြေအနေတွေကို ပြောင်းလဲနိုင်ပါတယ်။ မိမိမှာရှိနေတဲ့အားနည်းချက်တွေ၊ အပြစ်အနာအဆာတွေကို အကောင်းဘက်ဆီကို ပြောင်းလဲဖန်တီးနိုင်ပါတယ်။ မိမိသာမကဘဲ ပတ်ဝန်းကျင်ကိုပါ ပြုပြင်ပြောင်းလဲနိုင်တဲ့ စွမ်းအားတွေရှိပါတယ်။

စာဖတ်ရုံနဲ့တော့ ဘဝမတိုးတက်နိုင်ပါဘူးဆိုတဲ့ အမြင်တိမ်တဲ့ ပြောဆိုတာတွေကိုလဲ ကြားဖူးပါတယ်။ ဒါပေမဲ့ တိုးတက်အောင်မြင်သူတွေ အားလုံးကတော့ စာပေဖတ်ရှုလေ့လာကြသူတွေ ဖြစ်တယ်ဆိုတာ သက်သေသာဓကတွေရှိပါတယ်။ သာဓကတစ်ခုကိုတင်ပြရရင် မိတ္ထီလာကန်ကြီးရဲ့ အနီးက ဝန်ဇင်းဆိုတဲ့ရွာလေးမှာ မောင်ညိုဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိတယ်။ မောင်ညိုဟာ ကျေးလက်က တောသားလေးဖြစ်ပေမဲ့ စာပေတွေကို လေ့လာဖတ်ရှုတယ်။ အားလပ်တဲ့အချိန်တွေမှာ စာအမြဲဖတ်တယ်။ စာဖတ်တော့ အသိပညာတွေ ကြွယ်ဝပြီး အမြင်ကျယ်တဲ့သူ၊ အကြောင်းအကျိုး၊ အကောင်းအဆိုးတွေကို ခွဲခြားဆင်ခြင်နိုင်သူဖြစ်လာတယ်။ ရပ်ရေး၊ ရွာရေးကိစ္စတွေပေါ်လာရင် မောင်ညိုနဲ့တိုင်ပင်ညှိနှိုင်းပြီး အကြံဉာဏ်တွေရယူခဲ့ကြရတယ်။

စာများများဖတ်ကြတဲ့သူတွေတိုင်း တိုးတက်အောင်မြင်မှုတွေရခဲ့ကြပါတယ်။ ဒါ့ကြောင့် စာဖတ်ခြင်းရဲ့ အကျိုးတွေကိုခံစားနိုင်ကြဖို့ ခေတ်အဆက်ဆက်မှ မျက်မှောက်ခေတ်တိုင်အောင် စာပေဖတ်ရှုလေ့လာကြဖို့ နှိုးဆော်တိုက်တွန်းမှုတွေ ပြုနေကြပါတယ်။ စာဖတ်သူနဲ့ စာမဖတ်သူဟာ အရည်အချင်းတွေ၊ အရည်အသွေးတွေ ကွာဟချက်ရှိပါတယ်။ တချို့ စာတတ်ပေမဲ့ စာမဖတ်ကြပါ။ တချို့က အတတ်ပညာတွေ တတ်မြောက်ကြပေမဲ့ စာဖတ်အားနည်းတတ်ကြပါတယ်။

၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များလှူဒါန်းပွဲမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စာမတတ်သူသည် ထိုင်နေသည့် လူနှင့်တူကြောင်း၊ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့် တူကြောင်း၊ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသူနှင့် တူသည်ဟု ဆိုကြောင်း၊ ထို့ကြောင့် စာပေလေ့လာဖတ်ရှုကြရန် တိုက်တွန်းကြရမည်ဖြစ်ကြောင်း၊ လူငယ်များ အပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့ အားပေးကြရမည်ဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါတယ်။

လက်ရှိအချိန်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးမှာ စာကြည့်တိုက်တွေဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွေကို ကျင်းပပြီး စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။

လူတိုင်းဟာ ကိုယ်နဲ့စိတ် နှစ်ခုပေါင်းပြီး ဘဝကို ရှင်သန်နေကြသူတွေဖြစ်ပါတယ်။ ခန္ဓာကိုယ်အတွက် အစားအစာတွေ စားသောက်နေကြသလို စိတ်အတွက် စာပေဖတ်ရှုလေ့လာခြင်းဆိုတဲ့ အစာတွေကို ဖြည့်ဆည်းနေရပါမယ်။ စာပေသည် လူ၌ အစာထက် အရေးကြီး၏။ ကိုယ်ခန္ဓာအတွက် စားသောအစာကို အစာဟုခေါ်၏။ စိတ်အတွက်လည်း အစာလိုလေရာ ထိုအစာကို "စာ " ဟူ၍ ခေါ်ရလေသည်လို့ ဆရာကြီး ပီမိုးနင်းက ရေးသားခဲ့တာကို မှတ်သားဖူးပါတယ်။

စာဖတ်တဲ့အတွက် မသိသေးတဲ့ အကြောင်းအရာတွေကို သိရတဲ့အပြင် အကျိုးယုတ်မဲ့ အစွဲအလမ်းအယူအဆတွေကိုလဲ ပယ်ဖျောက်နိုင်ပါတယ်။

လူတွေဟာ အရာရာတိုင်းကို နှံ့စပ်အောင်မသိနိုင်ကြပါဘူး။ ဒါပေမဲ့ စာပေပညာရှင်ကြီးတွေဟာ သူတို့တွေ့ကြုံခဲ့ကြတဲ့ ဘဝအတွေ့အကြုံတွေ၊ သူတို့ဖတ်ရှုမှတ်သားခဲ့တဲ့ စာပေအသိတွေကို ပြန်လည်မျှဝေရေးသားထားတဲ့ စာအုပ်တွေကို ဖတ်ကြရင် ကိုယ်မသိသေးတဲ့ အသိတွေသိလာရမယ်။ သိထားတာတွေထက် ပိုပြည့်စုံတဲ့ အသိတွေ၊ မှားနေတဲ့အရာတွေကို သိမြင်နိုင်ပါမယ်။ အမှန်တွေကို လက်ခံပြီး အမှားတွေကင်းအောင် ဆင်ခြင်နိုင်ကြပါမယ်။

**❖ စာဖတ်တဲ့သူက အသိပညာတွေ ပိုပြီးပိုင်ဆိုင်ကြပါတယ်။ အသိစွမ်းရည်တိုးတက်နေတာကြောင့် အတွေးအခေါ်အယူအဆတွေ မှန်ကန်တယ်။ အမှားနဲ့အမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့ စွမ်းအားတွေ ပိုင်ဆိုင်နေတယ်။ ကောင်းတဲ့အလုပ်နဲ့ မကောင်းတဲ့အလုပ်ကို ခွဲခြားနိုင်ပြီး ကောင်းတဲ့အလုပ်ကိုသာ ရွေးချယ်လုပ်ကိုင်နိုင်တယ်။ အခက်အခဲ အကျပ်အတည်းတွေနဲ့ ကြုံလာတဲ့အခါမှာ မှန်ကန်တဲ့အဖြေကို အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး ကျော်လွှားဖြတ်သန်းနိုင်တယ်။ ဘဝတိုးတက်ရေးလမ်းစကို ရှာဖွေတွေ့ရှိကြပြီး အောင်မြင်မှုတွေ ရရှိသွားကြတယ်။ ❖**

စာဖတ်ပါဆိုပေမဲ့ စာဖတ်ရုံနှင့် မလုံလောက်သေးပါဘူး။ ဖတ်မဲ့စာကို ရွေးချယ်ဖတ်ကြဖို့နဲ့ လိုအပ်သလို ရလာတဲ့ အသိတွေကို တစ်ချိန်ချိန်မှာ ပြန်လည်အသုံးချနိုင်အောင် မှတ်စုစာအုပ်မှာ မှတ်သားထားရပါမယ်။ အများအကျိုးပြုနိုင်တဲ့ စာမျိုးတွေကို စာနဲ့ ရေးပြတာ၊ နှုတ်က ပြန်ပြောပြတာမျိုးတွေနဲ့ မျှဝေပေးနိုင်ပါတယ်။

လူတိုင်းက ဘဝတစ်ခုကို တည်ဆောက်တဲ့အခါ အသိပညာတွေနဲ့ ပြည့်စုံနေမှ အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြပါတယ်။ စာဖတ်တဲ့သူနဲ့ စာမဖတ်တဲ့သူတွေရဲ့ ဘဝရှင်သန်ရပ်တည်မှု အရည်အသွေးတွေဟာ ကွာခြားပါတယ်။ ဒါ့ကြောင့် စာဖတ်တဲ့သူက စာမဖတ်တဲ့သူထက် ခေါင်းတစ်လုံးမက ပိုပြီး မြင့်တယ်လို့ ဆိုကြပါတယ်။

စာဖတ်တဲ့သူက အသိပညာတွေ ပိုပြီးပိုင်ဆိုင်ကြပါတယ်။ အသိစွမ်းရည်တိုးတက်နေတာကြောင့် အတွေးအခေါ်အယူအဆတွေ မှန်ကန်တယ်။ အမှားနဲ့အမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့ စွမ်းအားတွေ ပိုင်ဆိုင်နေတယ်။ ကောင်းတဲ့အလုပ်နဲ့ မကောင်းတဲ့အလုပ်ကို ခွဲခြားနိုင်ပြီး ကောင်းတဲ့အလုပ်ကိုသာ ရွေးချယ်လုပ်ကိုင်နိုင်တယ်။ အခက်အခဲ အကျပ်အတည်းတွေနဲ့ ကြုံလာတဲ့အခါမှာ မှန်ကန်တဲ့အဖြေကို အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး ကျော်လွှားဖြတ်သန်းနိုင်တယ်။ ဘဝတိုးတက်ရေး လမ်းစကို ရှာဖွေတွေ့ရှိကြပြီး အောင်မြင်မှုတွေ ရရှိသွားကြတယ်။ စာဖတ်တဲ့ အသိတွေကြောင့် ကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်တယ်။ ဖြူစင်မွန်မြတ်တဲ့ စိတ်ထားတွေ ပိုင်ဆိုင်ကြတယ်။ အများရဲ့အကျိုးကို သယ်ပိုးလိုစိတ်တွေ ကိန်းအောင်းနေကြပါတယ်။

စာမဖတ်တဲ့သူတွေကတော့ အသိပညာဗဟုသုတတွေ အားနည်းတော့ ကိုယ်ပိုင်အရည်အသွေးတွေ နိမ့်ကျတယ်။ သူတစ်ပါးကို အားကိုးတယ်။ သူများလုပ်သလို အလွယ်တကူလိုက်လုပ်တယ်။ သူများပြောစကားကို အလွယ်တကူယုံတယ်။ အမှန်နဲ့ အမှားဝေဖန်ပိုင်းခြားနိုင်တဲ့ စွမ်းအားနည်းတယ်။ အကျိုးတစ်ခုခုအတွက် ကောင်းတဲ့အလုပ်လား၊ မကောင်းတဲ့အလုပ်လားဆိုတာ မခွဲခြားနိုင်ဘဲ တစ်ဇွတ်ထိုးလုပ်တတ်တယ်။ ဒီအားနည်းချက်တွေကြောင့် လုပ်သင့်တာကို မလုပ်၊ မလုပ်သင့်တာတွေ လုပ်လာတတ်ပါတယ်။

စာဖတ်သူနဲ့ စာမဖတ်သူတွေရဲ့ အရည်အချင်းတွေကို နှိုင်းယှဉ်ပြရရင် ကုန်နိုင်ဖွယ်မရှိပါဘူး။ အရည်အချင်းတွေအပြင် အနေအထိုင်၊ အပြောအဆို၊ လုပ်ရည်ကိုင်ရည်တွေပါ ကွဲပြားခြားနားသွားတာမြင်တွေ့ရပါမယ်။ စာဖတ်တဲ့သူတွေရဲ့အလုပ်တွေဟာ တိုးတက်အောင်မြင်ကြတယ်။ မှန်ကန်တဲ့ အတွေးအမြင်တွေကြောင့် ကြီးပွားတိုးတက်ကြတဲ့အပြင် ပတ်ဝန်းကျင်ရဲ့ ယုံကြည်လေးစားမှုကိုပါ ခံရပါတယ်။ လုပ်ငန်းခွင်တွေမှာ နောက်လိုက်ငယ်သားအဆင့်ကနေ ဦးဆောင်နိုင်တဲ့ ခေါင်းဆောင်အဆင့်ထိ ရောက်ရှိသွားနိုင်ပါတယ်။

စာများများဖတ်ဖြစ်တဲ့အတွက် ရှိရင်းစွဲစိတ်ပိုင်းဆိုင်ရာ အရည်အသွေးတွေ တိုးတက်ပြောင်းလဲလာတယ်။ စာမဖတ်ခင်က သိထားတဲ့အသိထက် စာဖတ်လို့ သိလာရတဲ့အသိဟာ ပိုပြီး တိုးတက်လာတာကို သိမြင်လာတယ်။ ပတ်သက်ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်ရဲ့ သဘောသဘာဝတွေကို ပိုနားလည်လာပြီး ကိုယ်ချင်းစာစိတ်တွေပါ ကိန်းအောင်းလာပါတယ်။ စာမဖတ်တဲ့သူတွေဟာ ကျဉ်းမြောင်းတဲ့မြင်ကွင်းကိုသာ မြင်ရပြီး စာဖတ်တဲ့သူက လူ့သဘာဝ၊ လူ့လောကအားလုံးကို မြင်ကွင်းကျယ်ကျယ်မြင်ကြပါတယ်။

စာဖတ်ကြဖို့ တိုက်တွန်းရင်း မဖြစ်မနေ ပြောရမဲ့အကြောင်းကတော့ မီဒီယာပါ။ မီဒီယာမှာ စာအုပ်၊ စာစောင်တွေအပြင် ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက်စတဲ့ နည်းပညာသုံးကိရိယာတွေလဲ ပါဝင်ပါတယ်။ မီဒီယာဆိုတာ သိစေလိုသူက သိလိုသူဆီကို အချက်အလက်တွေပေးပို့ရာမှာ ကြားခံအဖြစ် အသုံးချတာပါ။ နည်းပညာခေတ်မှာ စာအုပ်စာစောင်တွေ အနည်းနဲ့ အများ မေးမှိန်သွားပါတယ်။ စာအုပ်အငှားဆိုင်တွေ ပျောက်ကွယ်ကုန်တယ်။ ကိုဗစ်ကာလနောက်ပိုင်းကစပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေရဲ့အရှိန် လျော့ကျသွားတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွေလောက်သာ အားကိုးစရာကျန်နေပါတယ်။ အခုကာလမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတဲ့ နည်းပညာသုံးကိရိယာတွေ ရှိနေပါပြီ။ စာအုပ်၊ စာစောင်တွေအပြင် လက်ကိုင်ဖုန်းတွေအပါအဝင် နည်းပညာသုံးပစ္စည်းတွေ အသုံးပြုပြီး စာဖတ်တာ၊ အသံနဲ့ နားထောင်တာတွေကို ပြုနိုင်ပါတယ်။ စာဖတ်လိုစိတ်ရှိဖို့သာ လိုပါတယ်။

အချုပ်အားဖြင့်ဆိုရရင် စာဖတ်ရင် ကောင်းကျိုးတွေ ခံစားရမယ်။ အသိဉာဏ်စွမ်းအားနဲ့ အတွေးအခေါ်တွေ တိုးတက်လာမယ်။ အခက်အခဲတွေကို ဖြတ်ကျော်ဖြေရှင်းနိုင်မယ်။ အတွေ့အကြုံသစ်တွေ ရလာမယ်။ မသိသေးတာတွေ သိလာမယ်။ သိပြီးသား အသိတွေထဲက အမှန်နဲ့ အမှားတွေကို ခွဲခြားသိလာမယ်။ ကိုယ်ပိုင်အသိဉာဏ်နဲ့ ဘဝကို တည်ဆောက်နိုင်မယ်။ လွဲမှားနေတဲ့ အသိတွေ၊ အလုပ်တွေကို ခွဲခြားလုပ်ကိုင်တတ်လာမယ်ဆိုတဲ့ ကောင်းကျိုးတွေကို ရရှိလာနိုင်ပါမယ်။ ဒါ့ကြောင့် ကောင်းကျိုးတွေ ခံစားနိုင်ကြဖို့အတွက် စာဖတ်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

# စစ်ကိုင်းမြို့နယ်တွင် စပါး ၁၂၀၇ ဧက စိုက်ပျိုးပြီးစီး
# လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် စပါး၁၂၀၇ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ဧက ၄၃၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၂၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"နွေသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ စပါး ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက် တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ဖို့ စပါးတွေ ပျက်စီးဆုံးရှုံးမှု မရှိစေဖို့ အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စပါးသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ စိုက်ပျိုးတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် စမ်းအိုင်ကျေးရွာ၌
# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းဘိုကျေးရွာအုပ်စု စမ်းအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စမ်းအိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅၈ ဦးကို ငွေကျပ် ၃၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျ ထံမှ သိရသည်။

ငြိမ်းသူ(စလင်း)

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမာက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ခဝဲသီးများ ကုန်စိမ်းဈေးကွက်တွင် ဖေဖော်ဝါရီလ ပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် ခဝဲသီး အလုံးရေ ၂၇၀၀၀ မှ ၃၈၀၀၀ ထိ ဝယ်ယူမှု အားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ အဆိုပါ ခဝဲသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်တဲ့ ခဝဲသီးတွေကို အခြား မြို့နယ်တွေက ဝယ်ယူအားများနေပါတယ်။ လက်ရှိ တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၃၈၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးက ကျောင်းကုန်းမြို့နယ် ဒေသထွက်ကုန် တစ်ခုပါ။ အခု အရောင်းအဝယ် ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေး ကောင်းပါတယ်။ ဒေသထွက်ကုန် ဖြစ်တော့ဈေးသက်သာပြီးသန့်ရှင်း လတ်ဆတ်တဲ့ စားသောက်ကုန် တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေမှာ ဒီဘက် ကုန်စိမ်းဈေးကွက်က ခဝဲသီးကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် ခဝဲသီးတွေ ဝယ်ယူအား ကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်းပိုမိုရပြီး အဆင်ပြေ လာပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမာက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် လက်ရှိ ခဝဲသီးများ အပါအဝင် ရာသီကုန် ဟင်းသီးဟင်းရွက် များပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများ ဝယ်ယူအားကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမာက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# တောင်တွင်းကြီးမြို့နယ် သီလကျေးရွာ၌
# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက သီလ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ များ၊ လစဉ် ပြန်သွင်းရမည့် စာရင်းဇယားများ မှန်ကန်မှု ရှိ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ သီလကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၂၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၁ ဒသမ ၁ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန် ထံမှ သိရသည်။

နွဲ့ယဉ်

# မိုင်းယန်းမြို့နယ် ပန်းဆောင်ကျေးရွာ၌
# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့်စိုက်ပျိုးရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လအလိုက် ပြန်သွင်းရမည့် ငွေစာရင်းပုံစံများ ပြန်သွင်းထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ရန်ပုံငွေကျပ် ၁၇၄ သိန်း ထုတ်ချေးပေးထားကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံမှ သိရသည်။

အောင်ရဲကျော်

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေဖတ်ကြစို့**

# စည်တော်အက

ကိုဇော်ဌေး(ယဉ်ကျေးမှု)

အခေါင်းပါသောသစ်သား သို့မဟုတ် အလားတူပစ္စည်းကို သားရေဖြင့်ပိတ်၍ တင်းအောင်ကြက်ပြီးလျှင် ထိုသားရေမျက်နှာပြင်ကို လက်ဖြင့်ဖြစ်စေ၊ တုတ်တံ၊ လက်ခတ်တို့ဖြင့် ဖြစ်စေ တီးခတ်အသံမြည်စေသော တူရိယာမှာ "စည်" ဖြစ်သည်။ စည်သည် လူတို့ရှေးဦးစွာ ပြုလုပ်သုံးစွဲခဲ့သော တူရိယာတစ်မျိုးဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူမျိုးအများအပြားသည် စည်တူရိယာကို အမျိုးသားတူရိယာအဖြစ်ဖြင့် သုံးစွဲကြသည်။

စည် ငါးမျိုးရှိသည်ဟု တူရိယာပညာရှင်များက ဆိုထားသည်။ ၎င်းတို့မှာ အာတတစည်၊ ဝိတတစည်၊ အာတတဝိတတစည်၊ ဃနစည်၊ သုသိရစည် ဟူ၍ ဖြစ်သည်။ အာတတစည်သည် အိုးစည်၊ စည်ပုတ် အစရှိသည်တို့ကဲ့သို့ တစ်ဖက်ပိတ်စည်ဖြစ်သည်။ ဝိတတစည်သည်မုရိုးစည်ကဲ့သို့ နှစ်ဖက်ပိတ်သော စည်ဖြစ်သည်။ အာတတဝိတတစည်ဆိုသည်ကား ထက်စည်ကဲ့သို့ အလုံးစုံသားရေပိတ်၍ ကြက်သော စည်ဖြစ်သည်။ ဃနစည်မှာ ခွက်ခွင်း၊ ကြေးနင်းတို့ကဲ့သို့ အသံသာသောစည်ဖြစ်၍ သုသိရစည်မှာ ပလွေ၊ ခရုသင်း၊ နှဲတို့ကဲ့သို့ အခေါင်းရှိသော စည် ဖြစ်သည်။ ၎င်းစည်ငါးမျိုးအနက် အာတတစည်၊ ဝိတတစည်၊ အာတတဝိတတစည် ဟူသော စည်သုံးမျိုးမှာ ယခုခေတ်အခေါ် "စည်" ဟူသော အသုံးအနှုန်းနှင့် ကိုက်ညီသည်။

ဦးကုလားမဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်တို့တွင် တူရိယာစာရင်း၌ စည်မျိုး ၁၂ ပါးဟု ပြသည်။ ၎င်းတို့ကား မြောက်စည်၊ သံလွင်၊ စည်ဖြော၊ စည်ကြီး၊ ဒုံမင်း၊ စည်ဝန်၊ စည်သေး၊ စည်ပုတ်၊ စည်ပန်းတောင်း၊ ပတ်သာ၊ တစ်ဖက်စည်၊ စည်အိုင်တို့ ဖြစ်ကြသည်။ ကဗျာဗန္ဓသာရကျမ်းတွင် မြန်မာပြည်ဖြစ်စည် ၁၂ မျိုး၊ နိုင်ငံခြားမှရသော စည်မျိုးစုံဟူ၍ စည် ၁၃ မျိုးပြသည်။ မြန်မာပြည်ဖြစ်စည် ၁၂ မျိုးမှာ စည်ဖြော၊ မုရားစည် (မုရိုးစည်)၊ မြောက်စည်၊ စည်ဝန်း၊ စည်ပုတ်၊ စည်သေး၊ စည်အိုင်၊ စည်ဒိုး၊ စည်ပန်းတောင်း၊ တစ်ဖက်ပိတ်စည်၊ စည်သံလွင်၊ စည်ဒုံမင်းတို့ဖြစ်သည်။

စည်တူရိယာများကို သုံးမျိုးသုံးစားခွဲခြားနိုင်သည်။ ပထမတစ်မျိုးမှာ တိုးလျှိုပေါက်အခေါင်းတွင် ထိပ်ဝနှစ်ဖက်လုံး သားရေပိတ်သော စည်မျိုးဖြစ်၍ ၎င်းစည်မျိုးသည် နှစ်ဖက်လုံးတီးခတ်ရသောစည်၊ တစ်ဖက်တည်းသာ တီးခတ်ရသောစည်ဟူ၍ အမျိုးကွဲပြားသည်။ ဒုတိယတစ်မျိုးမှာ တိုးလျှိုပေါက်အခေါင်းတွင် မျက်နှာဝတစ်ဖက်ကိုသာ သားရေပိတ်၍ ကြက်သောစည်မျိုးဖြစ်သည်။ အိုးစည်မှာ ထိုအမျိုးတွင် ပါဝင်သည်။ တတိယတစ်မျိုးမှာ အိုးကဲ့သို့ မျက်နှာဝတစ်ခုတည်းရှိသော အခေါင်းကို သားရေပိတ်၍ ကြက်သောပလုတ်တုတ်စည်မျိုးဖြစ်သည်။

စည်များကို သားရေကြက်ရာ၌ စည်မျက်နှာပြင် တင်း၍နေရန် သားရေကြိုးဖြင့်လည်း ဆွဲကြသည်။ ဝက်အူရစ်ပါသောချိတ်များဖြင့်လည်း ဆွဲကြသည်။ ဥရောပတိုက်၌ သုံးသောစည်များသည် အများအားဖြင့် ဝက်အူရစ်နှင့်ဆွဲ၍အတင်းအလျော့လုပ်နိုင်သော စည်များဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင်ဖြစ်သော အရှေ့တိုင်းတွင် သုံးသောစည်များမှာ အများအားဖြင့် သားရေကြိုးဖြင့် ဆွဲ၍ကြက်သော စည်များဖြစ်ကြသည်။

မြန်မာတို့တွင် စည်သဘောသက်ရောက်သော သားရေကြက်တူရိယာများရှိသည့်အနက် စည်များကို အကြီးအငယ်ခွဲ၍ အသံအမျိုးမျိုးညှိကာ အခြားတူရိယာများကဲ့သို့ သီချင်းသံဖြစ်အောင် တီးသော စည်များကို "ဗုံ" သို့မဟုတ် "ပတ်" ဟု ခေါ်သည်။ တီးကွက်၏ အပိုင်းအခြား သို့မဟုတ် သီချင်း၏ အပိုင်းအခြား သို့မဟုတ် အချိန်၏ အပိုင်းအခြားကို တီးခတ်သော အခြားစည်များလည်းရှိသေးသည်။ ပမာအားဖြင့် အိုးစည်ကို လုံးချင်းတီးသည့်အခါတီး၍၊ တီးကွက်၏ အပိုင်းအခြားတွင် တီးသည့်အခါလည်း တီးကြပြီး ဗုံကြီးကိုကား သီချင်း၏အပိုင်းအခြား အတွက်သာ တီးသည့်သဘောမျိုးဖြစ်သည်။

မြန်မာဘုရင်များသည် စည်တော်များကို ရေလဲသုံးစွဲကြကြောင်း ထုံးတမ်းစဉ်လာရှိခဲ့သည်။



စည်တော်အကကို တွေ့ရစဉ်။

တကောင်းခေတ်တွင် အိမ်ရှင်စည်၊ မုရိုးစည်၊ ပေါက်ချိုစည်၊ ကပြင်စည်၊ ပိတောက်စည်၊ ကျွန်းစည်များ၊ သရေခေတ္တရာခေတ်တွင် ပန်ထွာမင်းသမီး၏ စည်ကြီး၊ ပုဂံခေတ်တွင် မြောက်စည်၊ စည်ဝန်း၊ စည်ဖြောများ၊ မြင်စိုင်းပင်းယခေတ်တွင် မြောက်စည်၊ အင်းဝခေတ်တွင် စည်များစသည်ဖြင့် အခမ်းအနားအလိုက် သုံးစွဲကြသဖြင့် စည်များသည် နန်းသုံးတူရိယာဖြစ်လာခဲ့သည်။ နန်းသုံးစည်များအနက် စည်တော်နှင့် ပဟိုရ်စည်များသည် ပမာဏအားဖြင့် ကြီးသော စည်ကြီးများဖြစ်သည်။

ပဟိုရ်စည်ကဲ့သို့ စည်ကြီးများကို ယခုခေတ် အချို့ဘုန်းကြီးကျောင်းများတွင် တွေ့ရှိရသည်။ ထိုစည်များသည် ထိပ်ဝအချင်း နှစ်ပေခွဲမှ သုံးပေထိ ရှိတတ်၍ အလျားငါးပေထိ ရှိတတ်ကြသည်။ စည်ဖြောကို အလှူဒါနပြုသောအခါ အသုံးများသည်။ သီချင်းသွားကို နှဲဖြင့်မှုတ်၍ လင်းကွင်းတီးသည်ကို ဖြောနှစ်လုံး၊ သုံးလုံးဖြင့် စည်းချက်လိုက်ပေးရသည်။

စည်ကို တူရိယာဝိုင်း၌ ထည့်သွင်းအသုံးပြုလျှင် တယော၊ စောင်း၊ ပလွေ၊ ခရာ စသည်တို့ကဲ့သို့ အဆက်မပြတ်တီးမှုတ်ရသည် မဟုတ်ဘဲ စည်းချက်သဖွယ်သာ တီးခတ်ရသည်။ ခေတ်ဦးနိုင်ငံတို့တွင် စည်တစ်မျိုးတည်းကိုသာ တီးခတ်၍ သီဆို၊ ကခုန်ခြင်း ပြုလေ့ရှိသော်လည်း ယခုခေတ်၌ များစွာသောနိုင်ငံတို့တွင် စည်ကို အခြားတူရိယာများဖြင့် တွဲဖက်၍ အသုံးပြုလျက်ရှိကြသည်။

စည်ကို နှဲ၊ ပလွေ၊ စောင်းညှင်း စသည်တို့နှင့် တွဲဖက်၍လည်း တီးနိုင်သည်။ သို့မဟုတ် တစ်ခုချင်းလည်း တီးနိုင်သည်။ စည်၏သဘောမှာ တုန်ဟည်းသံဖြင့် လူတို့၏စိတ်ကို လှုပ်ရှားစေရန်ဖြစ်သည်။ အသံအမျိုးမျိုး၊ တီးခတ်ပုံအမျိုးမျိုးဖြင့် လူ၏စိတ်ကို လှုပ်ရှားစေသည်။ ထို့ကြောင့် ကမ္ဘာအရပ်ရပ်ရှိ လူအမျိုးမျိုးတို့သည် စစ်ချီတက်ရာ၊ သုမင်္ဂလာကိစ္စ၊ ဒုမင်္ဂလာကိစ္စများနှင့် ကခုန်ပွဲများတွင် မိမိတို့ဓလေ့ထုံးစံများအရ စည်များကို တီးခတ်ကခုန်ကြသည်။

ထိုမှ စည်အက မြန်မာတို့အခေါ် စည်တော်အကများ ပေါ်ထွက်လာကြသည်။ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တလျှောက်လုံး စစ်ချီစစ်တက် မင်းခမ်းမင်းနားနှင့် နန်းတွင်းပွဲသဘင်အားလုံးတွင် စည်တော်မှာ ပါဝင်ရမြဲဖြစ်ခဲ့သည်။ ထီးနန်းဥကင်တော်ဖွင့်အခမ်းအနား၊ သကြံန်တော်ရေခပ်ပွဲ၊ ထွက်တော်မူအခမ်းအနား၊ လက်ဆောင်တော်ဆက်အခမ်းအနား၊ လွှတ်တော်သိမ်းထွက်အခမ်းအနားစသည့် ဘုရင်မင်းမြတ်များ ကြီးမှူးကျင်းပသည့် ပွဲသဘင်အခမ်းအနားများတွင် စည်တော်သံ၊ စည်တော်အကများ ပါဝင်ခဲ့ကြသည်။

အဆောင်တော်တွင်းမှ ဘုရင်နှင့် မိဖုရားတို့ ထွက်တော်မူရာတွင်လည်း ဘုရင်မှာ ရာဇပလ္လင်ပေါ်သို့ တက်တော်မူလျှင် ထွက်စည်တော်ကို ရွှမ်းကြရသည်။ ဆိုင်ရာကိစ္စပြီးဆုံးသဖြင့် ငွေမောင်း ငါးချက်တီးခတ်၍ ဝင်စည်တော်တီးလျှင် ဝင်တော်မူကြသည်။ စည်တော်ရွှမ်းရာတွင် ပါဝင်သည့် တူရိယာများမှာ စည်တော်နှစ်လုံး၊ လင်းကွင်းတစ်စုံနှင့် ဗုံတိုတစ်လုံး ဖြစ်သည်။ စည်တော်အကသည် အလွန်ဟန်ကောင်းလှသော အကတစ်မျိုးဖြစ်သည်။ ကပြရန် ဝတ်စားဆင်ယင်ထားပုံကပင် ဟန်ပါ၍ နေတော့သည်။

ခေါင်း၌ ယုန်နားရွက်ပါသော ဖော့လုံး သို့မဟုတ် ယုန်နားရွက်ထက် အပြားကြီးသော တစ်စထောင်ဖော့လုံးကို ဦးခေါင်းတွင် စည်းပတ်ထားသည်။ အင်္ကျီမှာ ထိုင်မသိမ်းထက် ရှည်ပြီး ဒူးထိ ဖားလျားကျနေသည့် သိုရင်းအင်္ကျီတစ်မျိုးကို ဝတ်ဆင်ထားသည်။ တောင်ရှည်ပုဆိုးကိုမူ အောက်၌ ဘောင်းဘီစဖော်ကာ ခါးတောင်းကျိုက်ထားသည်။ ခြေအိတ်ဖြူကိုဝတ်ကာ ပန်းဖောက်ထားသည့်ဖိနပ်တစ်မျိုးကို စီးထားသည်။ ဤသည်မှာ ယနေ့မြင်နေရသည့် ဝတ်စားဆင်ယင်ပုံဖြစ်သည်။ ပုဂံခေတ်တွင် ပုဏ္ဏားများစည်တီးကြကြောင်း ကျန်စစ်မင်းသား၏ နန်းတော်မွန်ကျောက်စာ - ၁ က ဖော်ပြထားသည်။ ပုဏ္ဏား၏အဝတ်အစားနှင့် ယနေ့ စည်တော်အက အဝတ်အစားတို့မှာ ဆင်တူသယောင်ရှိသည်။ ထိုမှ စည်တော်ဟူသော စကားအရ နန်းတွင်း၌ အမှုထမ်းရသောသူများသာ တီးကြရသည်ကိုလည်း တွေ့ရသည်။

စည်တော်ဝိုင်းတစ်ဝိုင်းတွင် စည်တော်တီးသူ နှစ်ဦး၊ လင်းကွင်းတီးသူတစ်ဦး၊ ဗုံတိုတီးသူတစ်ဦး စုစုပေါင်း လေးဦးရှိသည်။ စည်တော်ကသူ မင်းသားကို အချို့ဝိုင်းက တစ်ဦးတည်းသာသုံး၍ အများစုက နှစ်ဦးသုံးကြသည်။ ယခုခေတ်၌ နှဲမှုတ်သူတစ်ဦးကို ပါ ထပ်မံဖြည့်စွက်လာကြသည်။ စည်တော်ဝိုင်းမှာ စည်တော်၊ ဗုံတိုနှင့် လင်းကွင်းတူရိယာသုံးမျိုးသာ ပါရှိသော်လည်း စည်တော်သံမှာ လေးနက်ခံ့ညားပြီး သာယာနာပျော်ဖွယ်ရှိသည့်အလျောက် ကပြသူ စည်တော်မင်းသားကလည်း ငြိမ့်ညောင်းသာယာစွာ တီးခတ်နေသော စည်တော်သံအလိုက် ဝဲယာယှဉ်၍ ချိတ်ဆွဲထားသော စည်တော်ကြီးများကို စည်းချက်နှင့်အညီ တစ်လှည့်စီပုတ်ကာဖြင့် ဣန္ဒြေရရ သိမ်သိမ်မွေ့မွေ့ကပြကြသည်။

စည်တော်အက ကပြသူသည် စည်တီးဟန်ကို သရုပ်အမျိုးမျိုးဆောင်ကာ ကပြကြသည်။ စည်ကို ကိုယ်တိုင်ကိုယ်ကျ တီးခတ်ကာ ကပြခြင်းမျိုးမရှိကြချေ။ စည်ကြီး၏ရှေ့ လေးငါးခြောက်လှမ်းလှမ်း၍ ကွေ့ဝိုက်ကာ ကပြီး စည်တီးဟန်ကို ကပြလေသည်။ တစ်ဖန်စည်၏ လက်ယာဘက်သို့လည်းကောင်း၊ လက်ဝဲဘက်သို့လည်းကောင်း ပြေးသွားပြီး ကပြန်သည်။ စည်တီးချက်အပိုဒ်သို့ရောက်မှ စည်အနီးသို့ ကပ်ကာ ဟန်ထု ထုကြသည်။ တစ်ခါတစ်ရံအနီးသို့ ရောက်မလာဘဲ အဝေးမှပင် လက်သီးဆုပ်၍ စည်ထုဟန် ကပြသည်။ တစ်ခါတစ်ရံ လက်သီးနှင့် ထုဟန်ကို မကပြဘဲ တစ်တောင်နှင့် တွက်သည့်ပုံကိုလည်း ကပြသည်။ ခြေလှမ်းဟန်မှာ သီချင်းကို လိုက်၍ ခြေလှမ်းကာ ကခြင်းဖြစ်သည်။ သီချင်းဆိုလျှင် သာယာငြိမ့်ညောင်းစွာ လှမ်းကြသည်။ တီးလုံး၏ အချပိုဒ်များတွင် အချို့မြန်တတ်သည့်အလျောက် ကပြသူလည်း သွက်လက်စွာ ကပြကြသည်။ သို့သော် အလွန်အမင်းသွက်လက်ခြင်းမျိုးမဟုတ်ချေ။ အကကို သာယာငြိမ့်ညောင်းစွာ ကပြခြင်းဖြင့် စည်တော်အကပြည့်စုံသည်။

စည်တော်ရွှမ်းသည့်အလေ့အထမှာ စောစွာရှိခဲ့မည်ဖြစ်သော်လည်း စည်တော်အကမှာမူ ဗုံကိုလွယ်၍ တီးရ၊ ကရသည့် ဗုံကြီးအကများနှင့် မရှေးမနှောင်းလောက်တွင် ပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် ကုန်းဘောင်ခေတ်ထက်စောဖွယ်ရာ မရှိနိုင်ပါချေ။ ကုန်းဘောင်ခေတ်အလယ်လောက်တွင် တန်းထိုးချိတ်ဆွဲကာ တီးရသည့် နန်းတွင်းတန်းထိုးဗုံကြီးများ ပေါ်ပေါက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ စနစ်တကျရေးစပ်သီကုံးထားသည့် စည်တော်သံများမှာလည်း ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်ခဲ့သည်။ "နှစ်မချာဖြစ်လာရ၊ ခေတ်ကာလဥက္ကာတပေါင်၊ မန်ကျည်းပင်တောင်ကိုင်းကို ဗျိုင်းနားလို့မြောင်၊ သတိုးတောင်၊ တန်ခိုးတော်တပြောင်ပြောင်နှင့်၊ တစ်ထောင်မှာ တစ်ဆူဖွားတယ်၊ ဘိုးတော်ဘုရား" ဟူသည့် ဘိုးတော်ဘုရားကို ချီးပသည့် စည်တော်သံအရလည်း ကုန်းဘောင်ခေတ်ဝယ် စည်တော်သံ၊ စည်တော်အကများ ဝေစီထွန်ကားလာနေသည်ကို သိရသည်။

ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတီးသည့်စည်များနှင့် စပ်လျဉ်း၍ ယုံကြည်မှုအမျိုးမျိုးရှိကြသည်။ ဤမည်သောစည်ကို တီးလျှင် စစ်အောင်သည်၊ ဤမည်သော စည်ကိုတီးလျှင် မိုးရွာသည် စသည်ဖြင့် အထူးပြုတီးသောစည်များကို ရှေးက ထားရှိခဲ့သော်လည်း ယခုအခါ နိုင်ငံအတော်များများတွင် ကွယ်ပျောက်ခဲ့ပြီဖြစ်သည်။ အချို့နိုင်ငံများတွင်ကား ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ မြန်မာတို့၏ စည်နှင့် စည်တော်အကကား ထိန်းသိမ်းမျှဝေသယ်ဆောင်သူတို့ကြောင့် ယနေ့တိုင် ထွန်းကားဝေစည်လျက်ရှိနေသည်ကို ဂုဏ်ယူစွာ တွေ့မြင်နေရပါတော့သည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၃)
- မြန်မာအကသမိုင်း(ပန်တျာမြင့်အောင်)
- ပြည်ထောင်စုအကပဒေသာ(ဦးမင်းနိုင်)

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## မိမိသည်သာ အားကိုးရာ

မင်္ဂလာပါသားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ပုံပြင်ကလေးကတော့ မိမိသည်သာ အားကိုးရာဆိုတဲ့ ပုံပြင်ကလေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးရှိသတဲ့။ မင်းကြီးမှာ သားတော်နှစ်ပါးလဲရှိသတဲ့ကွယ်။ ဘုရင်ကြီးဟာ သားတော်နှစ်ပါးကို တန်းတူချစ်သတဲ့။ ပညာတွေကို ပုဏ္ဏားကြီးတစ်ယောက်ထဲကပဲ သင်ကြားပေးရသတဲ့ကွယ်။ မင်းသားနှစ်ပါးကလဲ တော်ကြသတဲ့။ ပုဏ္ဏားကြီးဘယ်ပညာကိုသင်ပေးသင်ပေး တတ်မြောက်လွယ်ကြသတဲ့။ ဒါကြောင့် မင်းသားနှစ်ပါးအရွယ်ရောက်လာတဲ့အခါ မင်းသားတစ်ပါးကို ထီးနန်းပေးဖို့အခက်ကြုံနေသတဲ့။

တစ်နေ့မှာတော့ မင်းကြီးဟာ မင်းသားနှစ်ပါးကို နန်းဆောင်ထဲခေါ်ခိုင်းပြီး မင်းသားနှစ်ပါးရဲ့ရှေ့မှာ မင်းကြီးက "သားတော်တို့ကို မြို့စား၊ ရွာစားတွေပေးမယ်။ ဥယျာဉ်တစ်ခုလဲပေးမယ်။ ငါးနှစ်အတွင်းမှာ မြို့ရွာကိုတိုးတက်အောင်လုပ်ပြီး ပြည်သူပြည်သားတွေရဲ့ နှလုံးသားကိုရအောင်ယူခဲ့ကြပါ"လို့ မိန့်တော်မူသတဲ့ကွယ်။ မင်းသားနှစ်ပါးလဲ ဖခမည်းတော်ရဲ့စကားကို သေချာမှတ်သားပြီး ကိုယ်ပိုင်ရာ မြို့ရွာတွေကိုသွားကြသတဲ့။

အဲဒီအခါ မင်းသားအကြီးက နန်းတော်ထဲက အတော်ဆုံးဥယျာဉ်မှူးတွေကိုခေါ်ပြီး မိမိပိုင်တဲ့မြို့ရွာကို ထွက်ခဲ့သတဲ့။ ဖခမည်းတော်ပေးတဲ့ ဥယျာဉ်ခြံထဲမှာ သီးပင်စားပင်တွေကို ဥယျာဉ်မှူးတွေ၊ အလုပ်သမားတွေကိုစေခိုင်းသတဲ့။ မိမိကတော့ မင်းသားနန်းဆောင်ထဲမှာနေပြီး ဥယျာဉ်ထဲကို ခြေလှမ်းတစ်လှမ်းတောင်မချဘူးတဲ့ကွယ်။ ဥယျာဉ်မှူးတွေကို စိတ်ချလက်ချထားသတဲ့။

မင်းသားအငယ်ကတော့ နန်းတော်ထဲမှာကျန်ရှိနေတဲ့ဥယျာဉ်မှူးတွေနဲ့ မိမိပိုင်တဲ့မြို့ရွာကိုထွက်ခဲ့သတဲ့ကွယ်။ ဖခမည်းတော်ပေးတဲ့ ဥယျာဉ်ခြံထဲမှာ မင်းသားကိုယ်တိုင်ဦးစီးပြီး သီးပင်စားပင်တွေကို စိုက်ပျိုးသတဲ့။ ဥယျာဉ်မှူးတွေ၊ အလုပ်သမားတွေကိုလဲ ကိုယ်တိုင်တွေ့ဆုံစကားပြောပြီး စားဖွယ်သောက်ဖွယ်တွေကို မျှဝေကျွေးမွေးသတဲ့။

တစ်နှစ်တာကုန်ဆုံးတဲ့အခါ မင်းသားအကြီးက ဘဏ္ဍာထိန်းတွေခေါ်ပြီး "ဘဏ္ဍာထိန်းတို့ ဒီနှစ်ဥယျာဉ်ခြံမှာထွက်တဲ့ သစ်သီးဝလံတွေကို ဥယျာဉ်မှူးတွေနဲ့တကွ ပြည်သူပြည်သားတွေကို အညီအမျှပေးဝေကြ၊ ဒါမှသာ ပြည်သူတွေရဲ့နှလုံးသားကို ငါရမှာ" လို့ မိန့်တော်မူသတဲ့ကွယ်။ ဘဏ္ဍာထိန်းတွေဟာ မင်းသားအကြီးရဲ့စကားကို မျက်ကွယ်ပြုပြီး လိုချင်တဲ့အသီးအနှံတွေကိုအကုန်ယူကာ မကောင်းတဲ့ သစ်သီးဝလံတွေသာ ပြည်သူတွေကို ပေးဝေသတဲ့။ မင်းသားအကြီးက ပေးတဲ့အကြောင်းလဲ ပြည်သူတွေကို စကားပါးသတဲ့ကွယ်။ မင်းသားအကြီးကတော့ ဘဏ္ဍာထိန်းတွေဟာ သူ့စကားကို မြေဝယ်မကျနားထောင်မယ်လို့ ယုံကြည်တာပေါ့။

မင်းသားအငယ်လေးကတော့ နေ့တိုင်းနေ့တိုင်း ဥယျာဉ်ထဲကို ရောက်အောင်သွားသလို ဥယျာဉ်ကြီးကိုလဲ ဂရုစိုက်တာပေါ့။ တစ်နှစ်တာကုန်ဆုံးသွားတဲ့အခါ မင်းသားအငယ်ဟာ ဘဏ္ဍာထိန်းတွေကို ပြည်သူပြည်သားအားလုံးအတွက် သစ်သီးဝလံတွေ မဝေခိုင်းဘဲ မင်းသားအငယ်ကိုယ်တိုင် အညီအမျှပေးဝေသတဲ့ကွယ်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နေကြဖို့လဲ မှာကြားသတဲ့။



ဒီလိုနဲ့ မင်းကြီးပေးတဲ့ အချိန်ငါးနှစ်ပြည့်တဲ့အခါ မင်းသားအကြီးရဲ့ဥယျာဉ်ဟာ ထိန်းသိမ်းကွပ်ကဲမဲ့ဘဏ္ဍာထိန်းတွေနဲ့ ဥယျာဉ်မှူးတွေက မိမိအလိုရှိရာကိုယူပြီးထွက်ပြေးကြတဲ့အတွက် သီးပင်စားပင်တွေ ခြောက်ပြီးသေကုန်သတဲ့။ ပြည်သူတွေဟာလဲ သူတို့ကို မကောင်းတဲ့သစ်သီးဝလံတွေ ပေးတဲ့အတွက် မင်းသားအကြီးနဲ့ဥယျာဉ်ကို ပစ်ထားကြသတဲ့ကွယ်။ မင်းသားအကြီးဟာ နောက်ဆုံးသစ်ပင်ခြောက်တွေနဲ့ ဥယျာဉ်ထဲမှာ တစ်ယောက်ထဲကျန်ခဲ့သတဲ့ကွယ်။

မင်းသားအငယ်ရဲ့ဥယျာဉ်ဟာ စိမ်းလန်းစိုပြည်ပြီး အသီးအနှံတွေ အခဲလိုက်သီးကြသတဲ့။ အိမ်တိုင်းအိမ်တိုင်းမှာလဲ မင်းသားအငယ်ရဲ့ဥယျာဉ်ကို အားကျပြီး ပြည်သူပြည်သားတွေ သီးပင်စားပင်တွေကို စိုက်ပျိုးကြသတဲ့ကွယ်။ ဒါကြောင့် မင်းသားအငယ်အုပ်ချုပ်တဲ့မြို့ရွာဟာ ရောက်စနဲ့မတူဘဲ တိုးတက်သာယာနေသတဲ့ကွယ်။ မင်းသားအငယ်ကိုယ်တိုင်ကလဲ ဥယျာဉ်ထဲသာမက မြို့ရွာကို ကိုယ်တိုင်လှည့်ပတ်ပြီး ကူညီနိုင်တာကို ကူညီပေးသတဲ့။ ဒါကြောင့် မင်းသားအငယ်ကို ပြည်သူပြည်သားအားလုံးက ချစ်ကြတာပေါ့ကွယ်။

မင်းသားအကြီးနဲ့ မင်းသားအငယ်ရဲ့သတင်းကို မင်းကြီးကြားတဲ့အခါ မင်းသားနှစ်ပါးကို နန်းဆောင်ထဲခေါ်ပြီး မင်းသားအငယ်ကို အတုယူကာ ဘယ်ကိစ္စပဲလုပ်လုပ် မိမိကိုယ်တိုင် လုပ်ဆောင်သင့်ကြောင်း မင်းသားအကြီးကို ပြောဆိုဆုံးမသတဲ့ကွယ်။ အဲဒီနောက် မင်းသားအငယ်ကို ဘုရင့်နေရာပေးကာ မင်းသားအကြီးကို အိမ်ရှေ့မင်းနေရာယူစေပြီး တိုင်းပြည်ကို အုပ်ချုပ်စေသတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲ သားသား၊ မီးမီးတို့ရေ။ မိမိသည်သာ အားကိုးရာ ပုံပြင်ထဲကလို သားသား၊ မီးမီးတို့လဲ ဘယ်ကိစ္စပဲလုပ်လုပ် သူများကိုယုံပြီးမခိုင်းဘဲ ကိုယ်တိုင်လုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## ဘဝလှပဖို့

♦ ရှာဖွေစုဆောင်း သူဌေးလောင်း  
ကြိုးစားသူ ကံကောင်း။

♦ မပျင်းရိကြောင်း ဉာဏ်စွမ်းလျှင်  
အတတ်ပညာသင်။

♦ ဖွဲ့ လုံ့လဆင် ထာဝရ  
ရှိပါ ဝီရိယ။

♦ စိတ်နှလုံးလှ ဘဝတာ  
ထားအပ်ရွှေမေတ္တာ။

♦ ဖေးကူညီပါ လူလူချင်း  
နေထိုင်အပြစ်ကင်း။ ။

**ကိုရွှေတောသား(ဆင်ကူး)**



## အမှိုက်ကောက်ကြမယ်

♦ နွေဦးအစ ရောက်လို့လာ  
သစ်ရွက်အမှိုက် ကြွေကျကာ။

♦ သန့်ရှင်းဖို့ရာ မပျင်းရိ  
နေ့စဉ်ကောက်ကြ တာဝန်သိ။

♦ ကျန်းမာခြင်း၏ ဆုလာဘ်တွေ  
မှန်စွာရရှိ ရှင်သန်စေ။

♦ သပ်ရပ်ရှိပေ ဝန်းကျင်ကောင်း  
အမှိုက်ကောက်ဖို့ တို့ပူးပေါင်း။

♦ ရပ်ရွာလမ်းကြောင်း အမှိုက်ကင်  
ကြည့်ရှုမြင်ကွင်း ကောက်စေချ

♦ ရပ်ရွာတစ်ခွင် စဉ်လှပ  
အမှိုက်ကောက်လို့ ပျော်ရွှင်ကြ  
နေ့စဉ်ဆောင်ရွက် ကြည်နူးရ။

**ဖြိုးထက်(ရေ**



# ကောလင်းခရိုင်တွင် နှမ်းရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၁ ဒသမ ၇၃ တင်းထွက်ရှိ



**ကောလင်း ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သည့် နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၁၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်း များကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၁ ဒသမ ၇၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၂၈၁၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် နှမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းသီးနှံအထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောက်တံခါးမြို့နယ် ကျီးအင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်မွန်းအင်း ကျေးရွာအုပ်စု ကျီးအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် ဝန်ထမ်းများက ကျေး ရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ကျီးအင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်းနှင့် ဆိုလာစနစ်သုံး ရေသန့်စင်စက် တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းနှင့် ရေသန့်စင်စက်များ၏ မှတ်တမ်းလွှာကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ကျီးအင်းကျေးရွာ၌ အရှည်ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၁၉ ဒသမ ၈ သန်းဖြင့် ဇန်နဝါရီလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျီးအင်းကျေးရွာရှိ အိမ်ခြေ ၁၂၉ အိမ်မှ လူ ၅၄၁ ဦးတို့မှာ သွားလာရေးနှင့်သောက်ရေအတွက် အဆင်ပြေလျက်ရှိကြောင်း ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုညို**













# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၂-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၃၂၅ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၆၅ | ၃၂၈၅ | ၄၅၀၅ | ၃၅၈၀ | ၃၃၀၀ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၀ | ၃၆၁၅ |
| 95 Ron | ၃၂၇၀ | ၃၃၈၅ | ၃၃၅၀ | ၃၂၈၅ | ၃၃၉၀ | ၃၄၀၅ | ၃၄၂၅ | ၃၃၄၀ | ၄၅၆၀ | ၃၆၃၅ | ၃၃၆၀ | ၃၃၆၀ | ၃၄၃၀ | ၃၃၉၅ | ၃၄၂၀ | ၃၆၇၅ |
| HSD (500 ppm) | ၂၇၆၅ | ၂၈၈၀ | ၂၈၄၅ | ၂၇၈၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၂၀ | ၂၈၃၅ | - | ၃၁၃၀ | ၂၈၅၅ | ၂၈၅၅ | ၂၉၂၅ | ၂၈၉၀ | ၂၉၁၀ | ၃၁၇၀ |
| HSD (50 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | ၄၈၃၀ | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |
| HSD (10 ppm) | ၃၄၂၅ | ၃၅၃၅ | ၃၅၀၅ | ၃၄၄၀ | ၃၅၄၅ | ၃၅၆၀ | ၃၅၇၅ | ၃၄၉၅ | - | ၃၇၉၀ | ၃၅၁၀ | ၃၅၁၅ | ၃၅၈၅ | ၃၅၅၀ | ၃၅၇၀ | ၃၈၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၀၃၈ | ၁၁၃၂ |
| 95 Ron | ၁၀၉၄ | ၁၁၈၉ |
| HSD (500 ppm) | ၂၆၀၄ | ၂၆၈၅ |
| HSD (50 ppm) | ၁၂၄၁ | ၁၁၁၆ |
| HSD (10 ppm) | ၁၂၄၁ | ၁၁၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မား တိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့် ဈေးကွက်ရှိပြီးဖြစ်...**

❖ **နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်...**

❖ **ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maris Sangiampongsa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်



နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maris Sangiampongsa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှိ ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားရှိ ရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေးဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ **စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maris Sangiampongsa ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

